


# ရှံဆုန်၏ အသက်တာကို နားလည်ခြင်း

## အမှောင်ဖုံးနေသော စိတ်နှလုံးကို သွန်သင်ရန် နည်းဥပဒေသများ

Danutasn Brown

# ရှုံဆုန်၏ အသက်တာကို နားလည်ခြင်း

## အမှောင်ဖုံးနေသော စိတ်နှလုံးကို သွန်သင်ရန် နည်းဥပဒေသများ

Danutasn Brown

For Jodi Jones and Karen Prince

Maranathamedia.com

March 2020

## မာတိကာ


ဘာကြောင့်စစ်တိုက်ကြသနည်း.......................................................................... 4

ဣလသရေလတို့၏ လက်နက်များ ..........................................................................9

ဖခင်တစ်ဦးသည် သူ့ကိုယုံကြည်အားကိုးမှုမရှိသည့် သားသမီးများနှင့်
မည်သို့ဆက်ဆံရမည်နည်း။............................................................................15

စစ်မက်လိုလားသော အတွေးခေါ်များ၌ လှောင်ပိတ်မိခြင်း.............................................23

ဣလသရေလလူမျိုးတို့အား စစ်ပွဲများဖြင့် ဘုရားသခင် စကားပြောတော်မူခြင်း ...................27

သင်ပြုသည်အတိုင်း၊ သင်ပြန်၍ခံရမည်။ .......................................................................31

ဣလသရေလလူမျိုးတို့ ရှင်ဘုရင်တစ်ဦးကို တောင်းဆိုခြင်း...............................................35

ဘုရားသခင်၏ ကျေးဇူးတော် ကြီးမားသည်ဖြစ်၍ ဆက်၍အပြစ်လုပ်ကြမလား...............41

ရှံဆုန်၏ မှားယွင်းသော အိမ်ထောင်နှင့် ဣလသရေလတို့၏ စိတ်နေသဘောထား ...............44

လူတစ်ထောင်ကို မေးရိုးဖြင့် ရှံဆုန် ရိုက်သတ်ခြင်း........................................................48

ဘုရားသခင် ပြုတော်မူသည်ဟု မှတ်ယူခြင်း ..................................................................53

ရှံဆုန်နှင့် ယောသပ်၏ အသက်တာကို နှိုင်းယှဉ်ခြင်း.......................................................61

မကောင်းမှုကို လက်တုံ့မပြန်ရန် အယ်လင်ဝှိုက်၏ ရှင်းပြချက်..........................................65

## ဘာကြောင့်စစ်တိုက်ကြသနည်း

ဓမ္မဟောင်းကျမ်းရှိ အကြမ်းဖက်တိုက်ခိုက်မှုများကို ဘုရားသခင် ဘာကြောင့်ခွင့်ပြုရတာလဲ ဆိုသောမေးခွန်းသည် မကြာခဏ မေးခွန်းထုတ်ခံရသော မေးခွန်းဖြစ်ပါသည်။ ယေရှုက "သင့်ရန်သူကိုချစ်ပါ" ဟု သွန်သင်ခဲ့သည်။ ချစ်ပါဟုဆိုသောကြောင့် သတ်ခိုင်းတာ မဟုတ်ကြောင်း ထင်ရှားပါသည်။ ဒီကျမ်းချက်ကို ကျွန်တော်တို့ ဘယ်လိုနားလည်ရမလဲ။ ယေရှု၏ "သင်၏ဓားကို ဓားအိမ်သို့ပြန်သွင်းလော့။ ဓားကိုကိုင်စွဲသူသည် ဓားအားဖြင့်သေကြေ ပျက်စီးရလိမ့်မည်" (မဿဲ ၂၆, ၅၂) ဟူသော စကားတော်သည် ပေတရုကို စိတ်ရှုပ်ထွေးစေသကဲ့သို့ လူအချို့က ခရစ်ယာန်ဘာသာကို ရှုပ်ထွေးသည်ဟု ထင်တတ်ကြသည်။ ပေတရုက ဣသရေလတို့သည်ပင်လျှင် ရန်သူတို့လက်မှ မိမိကိုယ်မိမိ ခုခံကာကွယ်ရန် နှစ်ပေါင်းရာကျော် တိုက်ခိုက်ကြသည်မဟုတ်လောဟု ထင်မိနေနိုင်ပါသည်။

ဒီကိစ္စသည် အရေးကြီးပါသည်။ ဣသရေလတို့ သမိုင်းတစ်လျှောက်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲမြောက်မြားစွာရှိပါသည်။ ပိုမိုသိမ်မွေ့သော ယေရိခေါမြို့တိုက်ပွဲမှ ရက်စက်ကြမ်းတမ်းတမ်းသော တိုက်ပွဲများအကြောင်း တရားသူကြီးမှတ်စာ ၁၉ တွင်တွေ့နိုင်သည်။ စစ်တိုက်ရခြင်း၊ ညှင်းပမ်းနှိပ်စက်ရခြင်း၏ အကြောင်းရင်းသည် တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ၊ မည်သို့ပင်ရှိသော်လည်း လူ့အသက်ကိုသတ်ခြင်းသည် ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။

ဘုရားသခင် ခွင့်ပြုသည်၊တိုက်ခိုက်စေသည်ဟု သူတို့ ထင်မြင်သောစစ်ပွဲများကို တရားမျှတမြင့်မြတ်သောစစ်ပွဲများအဖြင့် အများက ယူဆလိုက်ကြသည်။ အနိုင်ရသူ(ဝါ) ရှုံးနိမ့်သူသည် မည်သူပင်ဖြစ်စေ စစ်ပွဲသည် ပြင်းထန်သော စိတ်ဝေဒနာနှင့် စိတ်ဖိစီးမှုရောဂါများဖြစ်စေသည်။ အောက်ပါအချက်များသည် အမေရိကန်ပြည်တွင်းစစ်ကြောင့် ဖြစ်ပေါ်သော အကျိုးဆက် သာဓကများဖြစ်သည်။

ကွန်ဖယ်ဒရိန်၊ စစ်မှုထမ်းဟောင်း ဝီလီယံဂျမ်းသည် စစ်ပွဲအပြီး မကြာမီ စိတ်ဖောက်ပြန်သောလက္ခဏာ များစဖြစ်တော့သည်။ မြောက်ပိုင်းရှိ ပီအိုဒဘာလူစခန်း၌ အချုပ်ခံထားရရာ ခန္ဓာကိုယ်မသန်စွမ်းတော့ဘဲ စိတ်လည်းမမှန်တော့ချေ။ အလာဘာမာပြည်နယ်ရှိ လယ်သ

မားတစ်ဦးဖြစ်သော ဂျမ်းသည် ၁၈၆၅ခုနှစ်၊ ဆောင်းဦးပိုင်းတွင် ကောက်စိုက်ဘဝဖြင့် ဘဝ ပြန်လည်စတင်ရန် ကြိုးစားခဲ့သည်။ သို့သော် တစ်နှစ်အတွင်း စိတ်မထိန်းချုပ်နိုင်ဘဲ အကြမ်း ဖက်ပြုမူလာတော့သည်။ ဖခင်ကို သတ်ရန် ခြိမ်းခြောက်တတ်သည်။ ရေတွင်းထဲသို့ခုန်ချ၍ မိမိကိုယ်မိမိ သတ်သေရန်လည်းကြိုးစားခဲ့သည်။ အကြမ်းဖက်ပြုမူခြင်းနှင့် မိမိကိုယ်မိမိ အ သက်အန္တရယ်ပြုခြင်းများသည် စိတ်ဖိစီးမှုရောဂါ လက္ခဏာများဖြစ်သည်။ စစ်ပွဲအပြီး စိတ္တ ဇဆေးရုံ မှတ်တမ်းများသည် ဒေါသစိတ်ကို မထိန်းချုပ်နိုင်၍ မိသားစုဝင်များနှင့် မိမိအသက် ကို မိမိအန္တရယ်ပြုတတ်သော စစ်မှုထမ်းဟောင်းများနှင့် ပြည့်နေပါသည်။ နီုလ်းစတိုရီလည်း ထို့အတူပင်ဖြစ်သည်။ ဂျော်ဂျီယာ ၄၆ခြေလျှင်တပ်တွင် စရင်းသွင်းစစ်မှုထမ်းစဉ်က သူသည် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးသာဖြစ်သည်။ စစ်ပွဲအတွင်း သူ့အပြုမူများ ထူးခြား ပြောင်းလဲလာသည်။ အိမ်ပြန်သည့်အခါ အရင်အတိုင်းခွန်အားသုံး၍ လုပ်ငန်းဆောင်တာများ ပြန်လည်လုပ်ကိုင်လို၏။ အရပ်သား လယ်သမားဘဝဖြင့် ပြန်လည်နေထိုင်နိုင်ရန် ကြိုးစားခဲ့ သေးသည်။ သို့သော် ၁၈၇၂ခုနှစ်မှစ၍ အကြမ်းဖက်ပြုမူတတ်သူတစ်ဦး ဖြစ်လာတော့သည်။ မိသားစုဝင်များကို သတ်မည်ဟု ခြိမ်းခြောက်သည်။ အိမ်ကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက် သည်။ မိသားစုဝင်များက သစ်လုံးအိမ်လေးတစ်လုံး သီးသန့်ဆောက်၍ ရမ်းကားကြမ်းတမ်း လာသော သူ့ကို ချုပ်ထားခဲ့ကြရ၏။ နောက်ဆုံးတွင် မီလ်လိတ်ဂျ်ဗီလ်ရှိ ဂျော်ဂျီယာ စိတ္တဇ ဆေးရုံ ပို့လိုက်ရသည်။ ပြုစုသူများ၏ မှတ်တမ်းအရ သူသည် အစားမမှန်၊ အိပ်မမှန်ဘဲ စ ကားပြော၊ လမ်းလျှောက်ဖို့ပင် ပင်ပန်းတတ်ကြောင်းနှင့် စိတ်လည်းမပါကြောင်း သိရသည်။

စိတ်ဖိစီးမှုရောဂါ၏ လက္ခဏာတစ်ခုဖြစ်သော မိမိကိုယ်ကို သေကြောင်းကြံခြင်းသည်လည်း ပြည်တွင်းစစ် စစ်မှုထမ်းဟောင်းများကို ဒုက္ခပေးနေသော အရာတစ်ခုဖြစ်သည်။ ပြည်တွင်း စစ် စစ်မှုထမ်းဟောင်းများအကြား ကိုယ့်ကိုယ်ကိုသတ်သေသူ အရေအတွက် အတိကျ မသိ နိုင်သော်လည်း ယနေ့ခေတ် စစ်မှုထမ်းဟောင်းများကို ယာယီသုတေသနပြုခြင်းဖြင့် ၁၉ရာစု စစ်မှုထမ်းဟောင်းများ၏ အခြေနေကိုလည်း မှန်းဆသိနိုင်ပါသည်။ ဥပမာအားဖြင့် ဗီယက် နမ်မှ ပြန်လာသော စစ်မှုထမ်းဟောင်းများတွင် နှစ်ဆယ်ရာခိုင်နှုန်းသည် ကိုယ့်ကိုယ်ကို သတ် သေရန် ကြိုးစားခဲ့ကြောင်း အခြားနှစ်ဆယ်ရာခိုင်နှုန်းကလည်း ကိုယ့်ကိုယ်ကို သတ်သေရန် တစ်ခါတစ်ရံ စဉ်းစားခဲ့ဖူးကြောင်း သိရသည်။ အီးရစ် တီ ဒီးယန် ဂျူနီယာ၏ ထင်ရှားသော

လေ့လာချက်၊ Shook Over Hell စာအုပ်အရ အိန္ဒိယပြည်တွင်းစစ် စစ်မှုထမ်းဟောင်းများ၏ မိသားစုဝင် တစ်ဝက်ခန့်သည် ကိုယ့်ကိုယ်ကို သတ်သေရန် ကြိုးစားခဲ့ဖူးသူများနှင့် သတ်သေခဲ့သူများဖြစ်ကြောင်း သိရသည်။ စစ်မှုထမ်းဟောင်း စိတ်ရောဂါသည်များသည် ပြန်လည်ကျန်းမာလာသော်လည်း ကိုယ့်ကိုယ်ကို သတ်သေရန် မကြာခဏ ပြန်လည်ဖောက်ပြန်တတ်ကြောင်း ကွန်ဖယ်ဒရိဒ်၊ ကယ်လ်ဗာရီတပ်တွင် စစ်မှုထမ်းခဲ့သော ဂျော်ဂျီယာသား အယ်ဘီနပ်စ် စနယ်လ်စန်သည် နမူနာဖြစ်သည်။ နီးလ်စတိုရီကဲ့သို့ပင် စနယ်လ်စန်သည်လည်း စစ်တပ်ထဲ ဝင်ခဲ့စဉ်က ဆယ်ကျော်သက်သာ ရှိသေး၏။ စစ်ထဲတွင် ရှုန်းကန်နေရသူတစ်ဦးဖြစ်ပြီး မကြာမီပင် စစ်တပ်မှထွက်၍ စိတ္တဇဆေးရုံအပို့ ခံခဲ့ရသည်။ မိမိကိုယ်မိမိ မီးရှို့ရန်၊ ဆေးရုံပြတင်းပေါက်မှ ခုန်ချရန် ကြိုးစားခဲ့သည်။ နောက်ဆုံး ၁၈၇၁ခုနှစ်တွင် စထရစ်ခနင်းခေါ် အလွန်ပြင်းသည့် အဆိပ်တစ်မျိုးကို မျိုချ၍ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။

ပြည်တွင်းစစ် စစ်သားများသည် ပြင်းထန်သော စိတ်ဖိစီးမှုရောဂါနှင့် ဆက်နွယ်သော မိမိကိုသူတစ်ပါးရန်မူမည်ကို ကြောက်လွန်းသော စိတ်ဖောက်ပြန်မှုရောဂါလည်း ခံစားရကြသည်။ ဂျွန် ဝီလီယမ်ခေါ် စစ်မှုထမ်းဟောင်းတစ်ဦးလည်း အကြောက်လွန်ရောဂါကြောင့် ဂျော်ဂျီယာစိတ္တဇဆေးရုံ ပို့ခံရ၏။ စိုးရိမ်ကြောက်လန့်မှု လွန်ကဲလာ၍ သူ့လည်ပင်းကို သူကိုယ်တိုင်ဓားဖြင့်လှီးပစ်ခဲ့သည်။ ဗာဂျီးနီးယားပြည်နယ် ပီတာစဘက်မြို့ရှိ အသက်လေးဆယ်အရွယ် မြင်းကြိုးလုပ်သမား ဂျိုးဇက် ပီယာမန်ကလည်း ၁၈၇၅ခုနှစ်တွင် မြို့ထဲမှ သူ့ကိုသတ်ရန် လူတစ်ယောက်လာပြီဟုဆိုကာ ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။

(https://www.civilwarmed.org/ptsd/)

ဤကဲ့သို့သော အဖြစ်ပျက်မျိုးကို ဣသရေလတို့လည်း ကြုံတွေ့နိုင်ပါသည်။ အီဂျစ်တိုင်းပြည်မှ ထွက်လာပြီးနောက်ပိုင်း ခါနန်ပြည်နှင့် နှစ်ပေါင်းများစွာ စစ်တိုက်ခဲ့ကြသည်။ အဆုံးတွင် ကတိထားရာတိုင်းပြည်ကို သိမ်းပိုက်နောက် ငြိမ်းချမ်းမှု ရခဲ့ကြပါသလား။ ငြိမ်းချမ်းမှု မရခဲ့ကြပါ။ တရားသူကြီးမှတ်စာတွင် တွေ့ရသည့်အတိုင်း သမိုင်းတစ်လျှောက် အမှောင်မိုက်ဆုံးသော အချိန်ကို ရင်ဆိုင်ခဲ့ရကြသည်။ တစ်မျိုးသားလုံး စိတ်ဖိစီးမှုရောဂါ၊ သံသယစိတ်လွန်ကဲမှုရောဂါ၊ ကိုယ့်ကိုယ်ကိုသတ်သေမှုများနှင့် ခက်ထန်ကြမ်းတမ်းစွာ ပြုမူစေသော စိတ်ရောဂါများကို သူတို့ကို ခံစားစေရန် ဘုရားသခင် အလိုရှိပါ့မလား။

စာအုပ်ဖတ်နေစဉ်အတွင်း ထိုသဘောတရားကို စိတ်ထဲ မှတ်ထားပေးပါ။ ထိုကဲ့သို့သော မေးခွန်းမျိုး မေးကြည့်လျှင် ကျွန်တော် ကျမ်းစာနှင့်ဘုရားသခင်ကို တိုက်ခိုက်နေသည်ဟု အများက ယူဆတတ်ကြသည်။ ကျွန်တော် မတိုက်ခိုက်ပါ။ ယေရှုဘုရား၏ မျက်နှာတော်တွင် ချစ်ခြင်းမေတ္တာ၊ နူးညံ့သိမ်မွေ့မှု၊ သနားကြင်နာမှုတို့သာ ကျွန်တော် မြင်နေရပါသည်။ ကျွန်ုပ်တို့ အသွေးသားထဲတွင် တည်ရှိနေသော စစ်မက်ဆန္ဒကို အဆုံးသတ်နိုင်ရန် အဖြေတစ်ချို့ကို ယေရှုဘုရားပေးမည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ဘုရားသခင်၏ ဝိညာဉ်တော်သည် ရှံဆုန်အပေါ် သက်ရောက်သဖြင့် လူပေါင်းတစ်ထောင်ကို သတ်ပစ်သည့် ပုံပြင်အကြောင်းမတင်ပြမီ သိထားရမည့် နည်းဥပဒေသအချို့ကို ကျွန်တော်တင်ပြချင်ပါသည်။ သမိုင်းတစ်လျှောက် ဣသရေတို့၏ စစ်ပွဲများအကြောင်း၊ အနီးအနားရှိရန်သူများနှင့် တိုက်ခိုက်မှုများအကြောင်း လေ့လာသောအခါ ပြဿနာ၏ အရင်းမြစ်ကို ဦးစွာသိထားရန် အရေးကြီးပါသည်။ ဣသရေလလူမျိုးများ အီဂျစ်ပြည်မှ ထွက်လာပြီးနောက်ပိုင်း မှတ်သားထားရန် အရေးကြီးသော အရာများစွာရှိပါသည်။

ဘုရားသခင် ကူညီကယ်တင်တော်မူခဲ့ကြောင်း သက်သေအထောက်ထား များစွာရှိသော်လည်း ဣသရေလလူတို့သည် ဘုရားသခင်က သူတို့ကို ကယ်တင်မည်မဟုတ်၊ သတ်ပစ်ရန်ပင်ဆန္ဒရှိသည်ဟု အမြဲထင်မြင်နေကြပါသည်။ ဘုရားသခင်၏ အစီစဉ်အပေါ် သူတို့ ယုံကြည်မှုမရှိခဲ့ကြချေ။

သူတို့က မောရှေအား " အီဂျစ်ပြည်တွင် သင်္ချိုင်းမရှိသောကြောင့် တောကန္တာရထဲ၌ သေစေရန် အကျွန်ုပ်တို့ကို ခေါ်ဆောင်ခဲ့ပါသလော။ ကျွန်ုပ်တို့ကို အီဂျစ်ပြည်မှ ထုတ်ဆောင်ခဲ့သောကြောင့် ယခုမည်ကဲ့သို့သော အခြေနေမျိုးသို့ ဆိုက်ရောက်နေရသည်ကို ကြည့်ပါလော့။ အကျွန်ုပ်တို့သည် ထွက်မလာမည်က ဤကဲ့သို့ဖြစ်မည်ဟု ပြောခဲ့သည်မဟုတ်ပါလော။ ကျွန်ုပ်တို့က "အီဂျစ်အမျိုးသားတို့ထံ၌ ကျွန်ခံမြဲကျွန်ခံနေပါရစေ" ဟုပြောပါသည်။ ဤတောကန္တရထဲ၌ သေရသည်ထက် ကျွန်ခံနေရခြင်းကသာ၍ ကောင်းပါသည်" ဟု ပြောလေ၏။ ထိုအခါ မောရှေက "မကြောက်ကြနှင့်။ ကြံ့ကြံ့ခိုင်ခိုင်ရှိစေကြလော့။ ထာဝရဘုရားသည် ယနေ့တွင် သင်တို့အားမည်ကဲ့သို့ ကယ်တင်တော်မူမည်ကို မြင်ရလိမ့်မည်။ သင်တို့ ယနေ့မြင်ရသော အ

မျိုးသားတို့ကို နောင်မည်သည့်အခါမျှ မြင်ရလိမ့်မည်မဟုတ်။ ထာဝရဘုရားသည် သင်တို့အတွက် စစ်တိုက်တော်မူလိမ့်မည်။ စိတ်မပူကြနှင့်" ဟု ပြန်ပြောလေ၏။ (ထွက်မြောက်ရာ ၁၄:၁၁-၁၄/BCL)

ဤအဖြစ်ပျက်ပြီးနောက် "ဘုရားသခင်သည် စစ်သူရဲဖြစ်သည်။ သူ၏နာမတော်သည် သခင်ဖြစ်တော်မူသည်" ဟူသော စာသားများပါသည့် အောင်ပွဲခံသီချင်းကို သီဆိုခဲ့ကြသည်။ ဤစာသားများကို ဣသရေလလူမျိုးတို့ ကောင်းမွန်စွာ နားလည်ခဲ့ကြပါသလား။ ဘုရားသခင်၏ နည်းလမ်းများသည် ကျွန်ုပ်တို့၏ နည်းလမ်းများနှင့်မတူပါ။ (ဟေရှာယ ၅၅:၈-၉) ထို့ကြောင့် သူ့စစ်တိုက်နည်းသည်လည်း ကျွန်တော်တို့၏ စစ်တိုက်နည်းနှင့်မတူပါ။ ခါနန်ပြည်ကို စစ်ပွဲဖြင့် သိမ်းပိုက်ခြင်းသည် ဘုရားသခင်၏အကြံစည် ဖြစ်နိုင်ပါ့မလား။ ဓားဖြင့် ဘုရားသခင်၏ ကတိတော်များကို ပြည့်စုံစေခြင်းသည် ဘုရားသခင်၏ အကြံစည်တော် ဖြစ်နိုင်ပါမလား။ ဣသရေလလူမျိုးများက ဖြစ်နိုင်သည်ဟု ထင်ခဲ့ကြသည်။

ခါနန်ပြည်ကို သိမ်းယူရာတွင် သူတို့ကြိုးစားမှုနှင့် ဘုရားသခင့်တန်ခိုးတော်၏ ပူပေါင်းမှုဖြစ်ကြောင်း သူတို့ လက်မခံချင်ခဲ့ကြပါ။ ထို့ပြင် အောင်မြင်မှုကို ဘုရားသခင်၏အကူညီမပါဘဲ သူတို့ကိုယ်ပိုင်အစွမ်းစဖြင့် ရယူသည်ဟုလည်း မှတ်ယူကြသေး၏။ "သင်တို့က အကျွန်ုပ်တို့သည် ထာဝရဘုရားအား ပြစ်မှားမိကြပါပြီ။ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရဘုရားမိန့်တော်မူသည့်အတိုင်း ယခုစစ်ချီတိုက်ခိုက်ပါမည်ဟု ဆိုကြ၏။" (တရားဟောရာ ၁:၄၁, BCL) ပညတ်တော်ဖောက်ဖျက်မှုကြောင့် ကြောက်စရာကောင်းလောက်အောင် သူတို့ အမြင်ကန်းနေကြသည်။ ဘုရားသခင်က မည်သည့်အခါကမျှ စစ်ချီတိုက်ခိုက်ရန် အမိန့်ပေးတော်မမူပါ။ ကတိတော်ပြည်ကို စစ်ပွဲဖြင့် အရယူခြင်းသည် ဘုရားသခင်၏ အကြံစည်တော်မဟုတ်ပါ။ ဘုရားသခင်၏ အကြံစည်မှာ သူ၏ စကားများကို တိတိကျကျလိုက်နာခြင်းဖြင့် ရယူပေးရန်ဖြစ်သည်။ (PP 392.3)

နာခံခြင်းသည် အဓိက သော့ချက်ဖြစ်သည်။ ပညတ်ချက်များသည် ကယ်တင်ခြင်းအတွက် အရေးပါကြောင်း သူတို့ နားလည်ရမည်ဖြစ်သည်။ သူတို့၏ အဖဘုရားသခင်ကို သိကျွမ်းချစ်ခင်ခြင်းအားဖြင့် ပညတ်တော်များကိုလည်း မြတ်နိုးရမည်ဖြစ်သည်။ ထိုသို့ ချစ်နိုင်ရန် သူ

တို့၌ရှိသော အပြစ်တရားကို သိမြင်ရန်လိုအပ်ပါသည်။ လူသားအတွက် လွယ်ကူသောအရာ မဟုတ်ပါ။ "ဇာတိသဘောဆိုင်ရာအရာများကို စိတ်စွဲလမ်းသူသည် ဘုရားသခင်အား ရန်ဖက်ပြုသူဖြစ်၏။ ထိုသို့ စိတ်စွဲလမ်းသူသည် ဘုရားသခင်၏တရားတော်ကို မလိုက်လျှောက်နိုင်။ အကယ်ပင် မလိုက်လျှောက်နိုင်။" (ရောမ ၈:၇)

ဣသရေလတို့သည် ဘုရားသခင်အား သနားကြင်နာတတ်သူ၊ ကောင်းမြတ်သောသူ၊ သူတို့ကို ဂရုစိုက်ကာကွယ်သူဖြစ်ကြောင်း အမှန်တကယ် မယုံကြည်ကြပါ။ အခက်အခဲကြုံသည်နှင့်တပြိုင်နက် သူတို့ကို ဘုရားသခင် အပြစ်ပေးသည်ဟု ထင်ကြသည်။ ထိုယုံမှားသံသယစိတ်သည် သူတို့စိတ်သဘောထားကို မှားယွင်းသော ပုံစံခွက်ထဲ ကျရောက်စေပြီး မျိုးဆက်ပေါင်းများစွာကို ထိုကဲ့သို့သောအမှားမျိုး၌ လှောင်ပိတ်စေခဲ့သည်။

## ဣသရေလတို့၏ လက်နက်များ

အီဂျစ်ပြည်မှ ထွက်ခါစအချိန်တွင် သူတို့၌ မည်သည့်လက်နက်မျှ မရှိသေးပါ။ စစ်တပ်လည်း မရှိသေးသလို သူတို့သည် လေ့ကျင့်ထားသော စစ်သားများလည်း မဟုတ်ကြပါ။ လက်နက်ကို မည်သည့်ချိန်တွင် စတင်အသုံးပြုကြသနည်း။ အချို့က အီဂျစ်မှ နက်လက်များနှင့် ထွက်လာသည်ဟု ထင်ကြသည်။ ဤကျမ်းချက်က ထိုအချက်ကို ထောက်ပြသယောင်ရှိပါသည်။ "သို့ဖြစ်၍ သူတို့အား တောကန္တာရီးဖြင့် ဒေဒ်ပင်လည်ဘက်သို့လှည့်ပတ်လျက် သွားစေတော်မူ၏။ ဣသရေလအမျိုးသားတို့တွင် စစ်ပွဲဝင်ရန် လက်နက်အပြည့်စုံ ပါရှိကြ၏။" (ထွက်မြောက် ၁၃:၁၈, BCL)

သို့သော် ကျွန်များက အဘယ်ကြောင့် လက်နက်ကိုင်ဆောင်ရမည်နည်း။ အီဂျစ်လူမျိုးတို့က အဘယ်ကြောင့် ကိုင်ဆောင်ခွင့် ပြုရမည်နည်း။ ဤ"လက်နက်"(armed)ဆိုသော စကားလုံးကို YLT ဗားရှင်းကျမ်းစာ၌ "by fifties-in goup, အယောက်ငါးဆယ်တစ်ဖွဲ့"ဟု ဘာသာပြန်ထားသည်ကို တွေ့ရသည်။ ဣသရေသတို့သည် ငါးဆယ်တစ်ဖွဲ့၊ အုပ်စုလိုက် အီဂျစ်ပြည်မှ ထွက်သွားကြသည်ဟု ရေးသားထားသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များက သူတို့၌ စစ်လက်နက်

ရှိသည်ဟု မဆိုလိုကြောင်း ယုံကြည်ကြသည်။ မမဝိုက်ကလည်း ဒီအချက်ကို လက်ခံထား သည်။

(အင်္ဂလိပ်ကျမ်း အခြားဗာရှင်းများနှင့် မြန်မာကျမ်းက စစ်တိုက်ရန် လက်နက်အပြည့်စုံဖြင့် သွားကြသည်ဟု ရေးသားဖော်ပြကြသည်။ ဤစာအုပ်ကို ရေးသားသူက armed ဟူသောစ ကားလုံးသည် ဘာသာပြန်အမှားဖြစ်မည်ဟု ယုံကြည်သည်။ ဤကျမ်းချက်တွင် YLT ဗားရှင်း သည် ပို၍မှန်ကန်သည်ဟု ယုံကြည်သည်။သူ့ယူဆချက်ကို အောက်တွင် အထောက်ထားနှင့် ရှင်းပြထားပါသည်။) စကားချပ်။

ဖိလ္လိတ္တိပြည်ကို ဖြတ်၍ ခါနန်ပြည်သို့ တိုက်ရိုက်သွား၍ရသောလမ်းကို လိုက်မည့်အစား ဘု ရားသခင်သည် တောင်ဘက်အရပ် ပင်လယ်နီဘက်သို့ သွားစေခဲ့သည်။ “ဘုရာသခင် ပြော သည်မှာ “သို့မဟုတ်လျှင် သူတို့သည် စစ်ပွဲကို မြင်လျှင်နောင်တရကာ အီဂျစ်ပြည်သို့ ပြန် သွားလိမ့်မည်” ဟု ကျမ်းစာ၌တွေ့ရသည်။ ဖိလ္လတ္တိပြည်ကို ဖြတ်၍သွားပါက ခရီးတွင်မည်မ ဟုတ်ပါ။ သခင့်လက်မှ ထွက်ပြေးလာသော ကျွန်များကို ဖိလ္လိတ္တိလူမျိုးများက စစ်ပြုခြင်းငှာ နှောင့်နှေးနေမည် မဟုတ်ပါ။ ဣသရေလတို့သည် စစ်အင်အားကြီးမား၍ ရန်လိုသော လူမျိုး များကို ရင်ဆိုင်ရန် အဆင်သင့်မရှိကြသေးပါ။ သူတို့သည် ဘုရားသခင်ကို ကောင်းစွာ မသိ ကြသေးသကဲ့သို့ ယုံကြည်ခြင်းလည်း အားနည်းကြသည်။ သူတို့သည် ကြောက်ရွံ့ကာ စိတ် ပျက်အားလျော့ကုန်ကြလိမ့်မည်။ **သူတို့၌ စစ်လက်နက် မရှိပါ။** စစ်ပွဲ အတွေ့ကြုံလည်း မရှိ ပါ။ နှစ်ပေါင်းများစွာ ကျေးကျွန်ပြုခံရခြင်းကြောင့် သူတို့စိတ်နှလုံးများသည် စိတ်ပျက်အား ငယ်မှုဖြင့် ပြည့်နေပါသည်။ မိန်းမများ၊ ကလေးများ၊ တိရစ္ဆာမျာနှင့် ဝန်ပိနေကြသည်။ ပင် လယ်နီဘက်မှ ဦးဆောင်လမ်းပြခြင်းဖြင့် ဘုရားသခင်က အကြင်နာမေတ္တာနှင့် ကရုဏာကို သူ တို့အား ဖော်ပြခဲ့သည်။ (PP 282.1)

ဣသရေလလူမျိုးတို့သည် စစ်လက်နက်မရှိ၊ စစ်အတွေ့ကြုံလည်း မရှိသော်လည်း ခါနန်ပြည် ကို သိမ်းယူရာတွင် စစ်တိုက်ရန် စိတ်တိမ်းညွတ်နေကြကြောင်း ဘုရားသခင်သိသည်။ ပင် လယ်နီဘက်မှ ဦးဆောင်ခြင်းဖြင့် စစ်တိုက်စရာမလိုဘဲ အံ့ဖွယ်ရာ အောင်မြင်မှုကို ပေးခြင်း အားဖြင့် သူ၏ကောင်းမြတ်မှုကို သူတို့ မြင်နိုင်ကြမည်ဟု မျှော်လင့်ထားသည်။ ကတိထားရာ

ပြည်ကို သူတို့ကိုယ်တိုင် တိုက်စရာမလိုဘဲ ပေးမည့်အကြောင်း သူတို့ ယုံကြည်ကြလိမ့်မည် ဟု မျှော်လင့်ခဲ့သည်။ ဤအစီစဉ်ကို ထွက်မြောက်ရာကျမ်း ၂၃:၂၇-၂၈ ၌ အသေးစိတ်ဖော်ပြ ထားသည်။

> "ငါ့ကိုကြောက်တတ်သော သဘောကို သင့်ရှေ့သို့ ငါစေလွှတ်၍ သင်ရောက်လေရာရာ အရပ်၌ ခပ်သိမ်းသော လူမျိုးတို့ကို ငါဖျက်ဆီးမည်။(အင်္ဂလိပ်ကျမ်း တစ်ချို့တွင် "ဖျက်ဆီး"ဟု မသုံးဘဲ "အားနည်းစေမည်" "ရှုပ်ထွေးစေမည်"ဟု သုံးထားသည်။) သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ ပျားတုများကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာ နှင်ထုတ်ကြလိမ့်မည်။"

အကယ်၍ သူတို့၌ ယုံကြည်ခြင်းမရှိဘဲ ဘုရားတို့သည် အောင်မြင်ခြင်းကို စစ်ပွဲအားဖြင့်သာ ပေးသည်ဟူသော ခေတ်ပေါ်အယူဆက လွှမ်းမိုးကာ ထိုသို့ ထင်မြင်ကြပါကလည်း ဘုရားသခင်က ထိုအယူဆကို လိုက်လျောပေးခဲ့မည်ဖြစ်သည်။ ပင်လယ်နီကို အံ့ဖွယ်ရာ ဖြတ်ကူးစဉ် ဘုရားသခင်က သူတို့ကို ရွေးချယ်စရာပေးခဲ့သည်။

ကျမ်းစာ၌ ရှင်းလင်းစွာ မဖော်ပြထားသော်လည်း သူတို့စစ်လက်နက်ရယူနိုင်သည့် နေရာတစ်နေရာသာ ရှိပါသည်။ ပင်လယ်နီကို အံ့ဖွယ်ရာဖြတ်ကူးစဉ် လိုက်လာခဲ့ကာ ရေနစ်သွားသော အီဂျစ်စစ်သားများ၏ အလောင်းများ ကမ်းပေါ်သို့တက်လာသည့်အခါ ဖြစ်နိုင်ပါသည်။

> "ထိုသို့ ထာဝရဘုရားသည် ထိုနေ့၌ ဣသရေလလူတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်လွှတ်တော်မူသဖြင့် ပင်လယ်ကမ်းနားမှာ အဲဂုတ္တုလူအသေကောင်တို့ကိုမြင်ရကြ၏။"
> ထွက်မြောက်ရာ ၁၄:၃၀
>
> ပင်လယ်ရေပြင်ကြီး၏ အံ့မခန်းလှုပ်ခတ်တိုက်စားခြင်းကြောင့် မြောက်များစွာသော အလောင်းများ ကမ်းစပ်၌ တင်နေကြမည်မှာ သံသယရှိစရာ မရှိပါ။ ဣသရေလတို့သည် အီဂျစ်စစ်သားများထံမှ ပစ္စည်းဥစ္စာများဖြင့် အတော်အတန် ချမ်းသာသွားနိုင်ပါသည်။ အထူးသဖြင့် အာမလက်၊ ဘာဆာန်ိုက်၊ အာမောရိ စသည့်လူမျိုးများနှင့် စစ်တိုက်သည့်အခါ လိုအပ်မည့် စစ်ဝတ်တန်ဆာ၊ စစ်လက်နက်များ အတော်တန်ရရှိကြပါလိမ့်မည်။

ဤနည်းဖြင့် စစ်လက်နက်များ ရရှိသည်မဟုတ်လျှင် သူတို့မည်ကဲ့သို့ ရရှိခဲ့သည်ကို ကျွန်တော်တို့မသိနိုင်ပါ။ အကြောင်းမှာ အီဂျစ်ပြည်မှ ယူလာစရာ အကြောင်းသေးသေး လေးမျှ မရှိပါ။ (Adam Clarke commentary on Exodus 14:30)

ဣသရေလလူမျိုးများ စခန်းချရာ ကမ်းစပ်၌ အီဂျစ်တို့၏ စစ်လက်နက်များ ပင်လယ်ရေလှိုင်းနှင့် လေပြင်းတို့ တိုက်ခတ်ခြင်းကြောင့် သောင်တင်နေသည်ကို ယောရှဖက် သတိပြုမိသည်။ မောရှေကလည်း စစ်လက်နက်များကို စုဆောင်း၍ ဟေဗြဲလူတို့ကို ဝတ်ဆင်စေခဲ့သည်။ ဤနည်းဖြင့် သူတို့စစ်လက်နက်ရရှိခဲ့ကြသည်။ (Gill commentary)

အီဂျစ်စစ်သားတို့၏ အလောင်းကိုယ်ပေါ်မှ စစ်လက်နက်များကို ရယူရန် ဆုံးဖြတ်သည့်အချိန်သည် ဣသရေလတို့ ကြောက်စရာကောင်းသော ဆုံးဖြတ်ချက်ကို ချခဲ့မိသည့် အချိန်ဖြစ်သည်။ “ငါတို့သည် စစ်သားမဟုတ်။ စစ်လက်နက်များ မည်သို့အသုံးပြုရမည်ကို ငါတို့မသိ။ ကိုယ်တော်သည် ငါတို့ကို ယနေ့ထိပို့ဆောင်ကာ ငါတို့တိုက်စရာမလိုဘဲ ရန်သူ့လက်မှ ကယ်နုတ်မူပြီ။ ခါနန်ပြည်ကိုလည်း ပေးရန်ကတိပြုထားသည့်အတိုင်း ငါတို့လက်များဖြင့် သတ်စရာမလိုဘဲ ပေးတော်မူမည်ကို ငါတို့ယုံကြည်၏။” ဟုစဉ်းစားသင့်ကြပါသည်။

သို့သော်လည်း ဘုရားသခင်ကို မယုံကြည်ခြင်း၊ ဘုရားသခင်သည် သူတို့ကို တချိန်ချိန်တွင် စွန့်ပစ်ထားပါက မိမိတို့ကိုမိမိတို့ ကာကွယ်နိုင်ရမည်ဟု ယူဆခဲ့မိခြင်းတို့ကြောင့် ဣသရေလလူတို့သည် အချိန်လွန်နောင်တထက် ကြိုတင်ကာကွယ်ခြင်းသာ၍ ကောင်းသည်ဟု စဉ်းစားကြတော့၏။ လိုလိုမယ်မယ် ဒီဓားတွေကို ယူသွားရအောင်။ ဘုရားသခင်သည် စစ်သူရဲမဟုတ်လော။ ဘုရားသခင်က ဓါးများကို သူတို့အတွက် ကမ်းပေါ်တင်စေခြင်းဖြစ်ကြောင်း၊ ထိုသို့ယူရန် ကိုယ်တော်အလိုရှိသည်ဟု တွေးတောမိတာလည်းဖြစ်နိုင်ပါသည်။

ဘုရားသခင်သည် သူတို့ကို သဘာဝလွန်အံ့ဖွယ် ကယ်နုတ်ခဲ့သော်လည်း စိတ်နှလုံးသားထဲ၌ ကိုယ်တော့်အပေါ် မယုံကြည်နိုင်ကြသေးကြောင်း ကျွန်တော်တို့ သေချာသိနိုင်ပါသည်။ ပင်လယ်နီကို ဖြတ်သည့်အချိန်နှင့် ရေငတ်၍ စောဒကတက်သည့်အချိန်သည် သုံးရက်သာကြာပါသည်။ ဘုရားသခင်က မာရအရပ်ရှိရေခါးကို ချိုစေခဲ့ပါသည်။ (ထွက်မြောက် ၁၅:၂၂-၂၇) ဣသရေလတို့ ယုံကြည်မှုတိုးလာစေရန် ရည်ရွယ်သည့် နောက်ထပ် နိမိတ်လက္ခဏာ တစ်ခု

ဖြစ်ပါသည်။ ဤနိမိတ်လက္ခဏာဖြစ်ပြီး မကြာမီပင် အရင်က ကိုယ်တော်ပြခဲ့သည့်အရာများကို မေ့ပစ်ကာ ဘုရားသခင်သည် ငါတို့ကို သတ်ချင်သည်ဟု ညည်းညူမြည်းတမ်းကြပြန်သည်။ သူတို့၏ ယုံကြည်ခြင်းကို ယိမ်းယိုင်စေခဲ့ကြသည်။

> "တစ်ဖန် ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့သည် ဧလိမ်အရပ်မှထွက်၍ ခရီးသွားကြ၏။ အဲဂုတ္တုပြည်မှ ထွက်သွားသောနောက် ဒုတိယလ ဆယ်ငါးရက်နေ့တွင် ဧလိမ်အရပ်နှင့် သိနာတောင်စပ်ကြားမှာ သိန်တောသို့ရောက်ကြ၏။ ထိုတော၌ ဣသရေလအမျိုးသားပရိအပေါင်းတို့က ငါတို့သည် အဲဂုတ္တုပြည်၌ အမဲသားချက်သောအိုးကင်းနားမှာ ထိုင်၍ ဝစွာစားရသောအခါ ထာဝရဘုရား၏ လက်တော်ဖြင့်သေလျှင် သာ၍ကောင်း၏။ ယခုမူကား၊ ဤစည်းဝေးလျက်ရှိသောလူအပေါင်းတို့ကို ငတ်မွတ်ခြင်းအားဖြင့် သတ်လိုသော်ငှာ၊ ဤတောအရပ်သို့ ဆောင်ခဲ့ပြီတကားဟု မောရှေနှင့်အာရုန်ကို အပြစ်တင်၍ မြည်တမ်းလျက်ဆိုကြ၏။" (ထွက်မြောက် ၁၆:၁-၃)

အံ့ဖွယ်ထူးဆန်းသော နိမိတ်လက္ခဏာများဖြင့်ပြည့်နေသော အီဂျစ်ကပ်ဘေးဖြစ်ပြီး နှစ်လခွဲသာရှိသေးသော်လည်း ဣသရေလလူတို့သည် ဘုရားသခင်က သူတို့ကို ကယ်တင်မည်မဟုတ်ဟု ထင်နေကြသေး၏။ သူတို့ကို သူတို့ ကာကွယ်ရန် ဓါးများ ယူလာခြင်းမှာ မထူးဆန်းတော့ပါ။ ကောင်းကင်မှ မန္နမုန့်ကို ချပေးခဲ့သော်လည်း သူတို့အတွက် မလုံလောက်နိုင်သေး။ သောက်စရာရေ မရှိသောအခါ မောရှေကို ကျောက်ခဲဖြင့် ပစ်သတ်လိုသည်အထိ ဖြစ်ခဲ့ကြသည်။ ကျမ်းစာ၌ သူတို့ ရေလိုသောကြောင့် ဆုတောင်းသည်ကို တစ်ခါမှ မတွေ့ရပါ။ သူတို့ကိုယ်စား ဆုတောင်းပေးရန် မောရှေကိုလည်း မတောင်းဆိုခဲ့ကြချေ။ ဘုရားသခင်က သူတို့ကို သတ်ချင်သည်ဟု အလိုအလျှောက်တွေးယူကြသည်။ ခရစ်တော်ကို ပုံဆောင်သည့် ကျောက်တုံးကို မောရှေ ရိုက်လိုက်သောအခါ သူတို့အဖို့ ရေထွက်လာခဲ့သည်။

> "ဣသရေလအမျိုးသားတို့က ထာဝရဘုရားသည် ငါတို့တွင်ရှိသလော၊ မရှိသလောဟု ထာဝရဘုရားကို စုံစမ်း၍ ရန်တွေ့သော အကြောင်းကြောင့်၊ ထိုအရပ်ကို မဿာနှင့် မေရိဘာဟု သမုတ်သတည်း။ (ထွက်မြောက် ၁၇: ၇)

ဣလသရေလတို့၏ လက်နက်များဖြင့် ပထမဆုံးအကြိမ် တိုက်ခဲ့သောစစ်ပွဲမှာ ထိုအယုံကြည်မဲ့သော အဖြစ်ပျက်ပြီးနောက် ဖြစ်သည်။ အာမလက်လူမျိုးတို့က ဣလသရေလလူမျိုးတို့ကို စစ်ပြုခဲ့ကြရာ ဘုရားသခင်သည် ငါတို့ကို ကယ်မတော်မူလိမ့်မည်ဟု ဘုရားသခင့်လက်တော်၌ အပ်မထားသည်သာမက ဘုရားသခင်ကို မေးမြန်းတိုင်ပင်ခြင်းလည်း မပြုခဲ့ကြပါ။ သူတို့ခွန်အားကို အားကိုး၍ ပြန်၍ စစ်တိုက်ခဲ့ကြသည်။ သို့သော် ဣလသရေလတို့သည် စစ်ရေးလေ့ကျင့်မှု ပြုဖူးသူများ မဟုတ်ပါ။ ဘုရားသခင် မည်သို့ပြုသင့်သနည်း။ မိုက်မဲသော ကလေးများပမာ ဖြစ်နေသော သူ့လူများကို ကိုယ်တော် စွန့်ပစ်ခဲ့ပါသလား။ ဘုရားသခင်သည် ထိုကဲ့သို့သော ဘုရားဖြစ်ပါသလား။

မဟုတ်ပါ။ ဘုရားသခင်သည် သူ့အပေါ် ယုံကြည်အားထားတတ်စေရန်၊ သူ့ဆီပြန်လာရန် အခွင့်ရေးတစ်ခုအဖြစ် ဤအဖြစ်ပျက်ကို အသုံးချခဲ့ပါသည်။ မောရှေ လက်ကိုမြှောက်နေစဉ် ဘုရားသခင်က သူတို့ကို စစ်အောင်ခြင်း အခွင့်ပေးပြီး၊ မောရှေ လက်မမြှောက်နိုင်သည့်အချိန်တွင် စစ်ရှုံးစေခဲ့သည်။ သူ့အပေါ် ရှိနေသည့် ထင်မြင်မှုအမှားများကို ပြုပြင်ရန် သူ့အပေါ် နာခံယုံကြည်ရန် ဘုရားသခင် ကြိုးစားခဲ့သည်။ သူတို့မမြင်နိုင်သည့် အရာများကို ယုံကြည်တတ်စေရန် သူတို့မြင်နိုင်သည့် အရာများကို အသုံးပြု၍ သူတို့၏ ယုံကြည်ခြင်းကို အားပေးထောက်မခဲ့သည်။

သူတို့သည် ဘုရားစကားကို နာခံခြင်းဖြင့်သာလျှင် အသက်နှင့် ငြိမ်သက်ခြင်းကို ရရှိနိုင်မည်ဖြစ်ကြောင်း ကိုယ်တော် သိနေသည်။ ဘုရားသခင်၏ စကားတော်များကို လိုက်လျှောက်ခြင်းအားဖြင့်သာ အသက်နှင့် ငြိမ်သက်ခြင်းကို ကြုံတွေ့ခံစားပြီး ကိုယ်တော်၏ အကျင့်စာရိတ္တတော်ကို သိလိုခြင်း၊ သူ့အပေါ် ယုံကြည်အားထားခြင်း ရှိလာနိုင်မည်ဖြစ်ပါသည်။ သူတို့သည် စစ်ပွဲကို ရွေးချယ်လိုက်ခြင်းကြောင့် ဘုရာသခင်သည် အကယ်၍ သူတို့ကိုစွန့်ပစ်မည်ဆိုပါက သူတို့သည် ဤအရာများကို နားလည်နိုင်ကြတော့မည် မဟုတ်ပါ။ ဤအချက်သည် လူသားကို ဘုရားသခင် လိုက်လျောပေးရသည့် အလွန်အရေးကြီးသော အကြောင်းရင်းဖြစ်ပါသည်။ ဤအချက်ကို အမဲလိုက်မုဆိုး ပုံပမာတွင် အလွန်လှပစွာ ရှင်းပြထားပါသည်။

## ဖခင်တစ်ဦးသည် သူ့အပေါ်ယုံကြည်အားကိုးမှုမရှိသည့် သားသမီးများနှင့် မည်သို့ဆက်ဆံရမည်နည်း။

ဤမနှစ်မြို့ဖွယ်ရာအဖြစ်ကို ရှင်းပြရန် ဖရက် ရိုက်က သူ့စာအုပ် "သင့်ဘုရားကို မျှော်ကြည့်လော့"တွင် ပုံပမာတစ်ခုအသုံးပြုခဲ့သည်။ ထိုပုံပမာက ဘုရားသခင်မည်သို့ ခံစားနေရမည်ကို နားလည်တတ်စေရန် ကျွန်တော့်ကို အထူးကူညီခဲ့ပါသည်။ လောကကြီး၏ ဩဇာလွှမ်းမိုးမှုအောက်ရှိနေသောသားသမီးများကို ပိုင်ဆိုင်ထားသည့် ဘုရားတရားကိုင်းရှိုင်းသော မိဘများအတွက်လည်း အထောက်ကူဖြစ်နိုင်ပါသည်။ သို့သော် ယခုကျွန်တော်တို့ အမဲလိုက်ပုံပမာနှင့် စစ်တိုက်ရန် ခွင့်ပြုရခြင်းအကြောင်းရင်းကို နှိုင်းယှဉ်ပြသွားပါမည်။

ဝက်ဝံ၊ ဒရယ်၊ တောင်ပေါ်သိုးနှင့်အခြား ကြီးမားသောကြောင်အမျိုးမျိုး တောရိုင်းတိရိစ္ဆာန်များနေထိုင်သည့် အနီးနားတစ်ဝိုက်တွင် ရှိနေသော ခပ်သေးသေး မြို့တစ်မြို့ကို စိတ်ကူးပုံဖော်ကြည့်ပါ။ ထိုမြို့ကလေးရှိ အမျိုးသားအများစုမှာ ပါးနပ်သော အမဲလိုက်မုဆိုးများဖြစ်ကြသည်။ သေနတ်ကိုကိုင်လျက် အမဲလိုက်ရသည့် အခွင့်ရေးမျိုးကို မည်သည့်အခါမျှ လက်လွှတ်တတ်သူများ မဟုတ်ကြပါ။

သို့သော် ယောကျ်ားတစ်ယောက်မှာ ထူးခြား၏။ သူသည် ဘုရားကို ချစ်မြတ်နိုးသူ ဖြစ်ပြီး တောထဲ၊ တောင်ထဲရှိ တိရိစ္ဆာန်များ၏ အသက်သတ်ခြင်းကို မနှစ်မြို့ပါ။ အခြား အသက်သတ်ခြင်းကို စွန်းစားခန်းပြုတတ်သူများနှင့် မည်သည့်အခါမျှ ပေါင်းဖော်ခြင်းမပြုပေ။

အခြားအမျိုးသားတို့မှာ ဤထူးဆန်းသောယောကျ်ားကြီးကို ကြည့်မရသောကြောင့် သူတို့နှင့်လိုက်ပါ အမဲလိုက်ရန် အစဉ်အမြဲ သွေးဆောင်ကြသည်။ တစ်ခါ သူ့မွေးနေ့တွင် အထူးကောင်းမွန်သော အမဲလိုက်မှန်ပြောင်း သေနတ်တစ်လက် လက်ဆောင်ပေးခဲ့ကြသေး၏။ သူက လက်ဆောင်ကို ခရစ်ယာန်ပီပီ ယဉ်ကျေးစွာ ငြင်းခဲ့သည်။ စော်ကားသည်ဟု ယူဆသော အမျိုးသားများက သူ့ကိုပို၍ ဖိအားပေးလာခဲ့ကြသည်။ မည်သို့ပင်ကြိုးစားကြစေကာမူ ယောကျ်ားကြီးမှာ မည်သို့မျှ မပြောင်းလဲပါ။ အမဲလိုက်ရန် သူအသုံးပြုတတ်သည့် တစ်ခုတည်းသော လက်နက်မှာ အကောင်းစား ကင်မရာတစ်လုံးသာဖြစ်သည်။

သူ၌ သားလေးတစ်ယောက်ရှိပြီး အမဲလိုက်မုဆိုးများ၏ ဩဇာလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန် အမြဲ စိတ်ပူပန်နေရသည်။ သူ၌ရှိသော တောတိရိစ္ဆာများ၏ အသက်ကိုချစ်တတ်သောစိတ် သဘောမျိုး သူ့သား၌ ရှိလာစေရန် မမောမပန်း ဖြည်းဖြည်းချင်း ကြိုးစားနေ၏။ သူ့ရည်ရွယ် ချက် အောင်မြင်လာသည်ကို မြင်ရသောအခါ အလွန်ပီတိဖြစ်ရသည်။ ထို့ကြောင့် သားလေး သည် အမဲလိုက်မုဆိုးများကဲ့သို့မဟုတ်ဘဲ သူ့နည်းအတိုင်း အလုပ်လုပ်တတ်ရန် ဖခင်ဖြစ်သူ သည် ကြိုးစားနေခဲ့၏။

သို့သော် ဖခင်ဖြစ်သူက သားလေး၏ ကိုယ်ပိုင်ရွေးချယ်ခွင့် ပိတ်ပင်တားဆီးခြင်း မပြုခဲ့ပေ။ သားလေးသည် လူလတ်ပိုင်းအရွယ် ရောက်လာသောအခါ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိလာသည်။ ဖခင်၏ ပဲ့ပြင်ဆုံးမမှုအောက်တွင် မရှိတော့။ အိမ်မှအဝေး တစ်နေရာတွင် ရက်သတ္တပတ် အ နည်းငယ် ခရီးထွက်ရန် ဖိတ်ကြားခြင်းခံရသောအခါ တိုင်းပြည်သစ်ကို မြင်တွေ့လိုသည်နှင့် ဖိတ်ကြားခြင်းကို လက်ခံခဲ့သည်။

ဤသည်မှာ အမဲလိုက်မုဆိုးများ၏ အကင်းပါးသော အကြံစည်ဖြစ်သည်။ သားဖြစ်သူသည် အမဲလိုက်မုဆိုးတို့၏ သားများနှင့်အတူ ခရီးထွက်လာခဲ့ကြသည်။ ဖခင် အဝေးသို့ ရောက်နေ သည်ဖြစ်ရာ လူငယ်အချင်းချင်း ပို၍ အကျင့်ကူးစက်လွယ်မည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။ လူငယ်များက အမဲလိုက်ခြင်းသည် ပျော်စရာကောင်းမကောင်း သိနိုင်ရန် တစ် ကြိမ် အမဲလိုက်ကြည့်ရန် တိုက်တွန်းသွေးဆောင်ကြသည်။ အမဲလိုက်လောကသည် သူတစ် ယောက်ထဲ၏ ဆုံးဖြတ်ချက်ကြောင့် မည်သို့မျှ အန္တရာယ်ပိုရှိမလာနိုင်ဟု ယူဆကာ သူတို့နှင့် အတူ လိုက်ပါခဲ့သည်။

သွေးဆောင်သောစကားကို ပထမကြားစဉ်က သူ မနှစ်မြို့ခဲ့ပါ။ သို့သော် စိန်ခေါ်မှု စိတ်လှုပ် ရှားစရာကောင်းမှုတို့က သူ့ကို စည်းရုံးနိုင်ခဲ့သည်။ မကြာမီ သူသည် အလွန်စိတ်ဝင်တစား အ မဲလိုက်သူ တစ်ဦးဖြစ်လာတော့သည်။ အားကစားပစ္စည်းများ ရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်ကာ လှပစွာပြုလုပ်ထားသော လက်နက်များကို ဝယ်လျက် ဝမ်းနည်းနေသော ဖခင်ဆီသို့ ပြန်လာခဲ့သည်။

လူငယ်က ရွေးချယ်မှု ပြုလုပ်ပြီးဖြစ်သည်။ ယခုတွင် ဖခင်ဖြစ်သူ တုန့်ပြန်ရမည့် အခြေနေ တစ်ခုကို ကြုံနေရပြီဖြစ်သည်။ လူငယ်သည် ထိုအလုပ်မျိုးကို လုပ်ကိုင်ရန် ဘာကြောင့် ရွေးချယ်ရသနည်း။ ဖခင်နှင့် ဘုရားသခင်၏ နည်းလမ်းနှင့် သွေဖယ်သော လမ်းကို လူငယ်သည် အစပြုခဲ့ပါတော့သည်။

ဖခင်အနေဖြင့်ဖြစ်စေ၊ ဘုရားသခင်အနေဖြင့်ဖြစ်စေ ရွေးချယ်စရာ အများကြီးရှိနေပါသည်။

၁။ သားအဖြစ်မှ စွန့်လွှတ်ရန်

ပထမရွေးချယ်စရာမှာ သားကိုစွန့်ပစ်ပြီး အိမ်သို့ ပြန်မလာစေတော့ဘဲ သူ့လမ်းသူ သွားစေခြင်းဖြစ်သည်။ ဤသို့ပြုလိုက်ပါက ဖခင်နှင့်သားသည် မည်သို့မျှ စည်းလုံးမှုမရှိ ဟူသောအချက်သည် မှန်ကန်ကြောင်း သက်သေပြရာရောက်ပေလိမ့်မည်။

၂။ အတင်းအကျပ် လိုက်နာ၊ နာခံစေခြင်း

အခြားရွေးချယ်စရာ တစ်ခုမှာ ဖခင်၏ သဘောအတိုင်း၊ ဆန္ဒအတိုင်း လိုက်နာရန် အတင်းအကျပ် ခိုင်းစေခြင်းဖြစ်သည်။ ဤရွေးချယ်မှုသည် အကြောင်းနှစ်ရပ်ကြောင့် မှန်ကန်သောရွေးချယ်မှု မဖြစ်နိုင်ပါ။ ပထမအချက်အနေဖြင့် လူငယ်မှာ လွတ်လပ်သည့် အသက်ရွယ် ရောက်လာပြီဖြစ်သောကြောင့် ဖခင်အနေဖြင့် သူ့ဆန္ဒအတိုင်းဖြစ်စေရန် မဖြစ်နိုင်ပါ။ ဒုတိယချက်အနေဖြင့် အတင်းအကျပ်ပြုစေခြင်းသည် ဖခင်၏ သဘောသဘာဝ မဟုတ်သကဲ့သို့ ဘုရားသခင်၏ သဘောသဘာဝ ပို၍မဟုတ်ပါ။ သူတို့နှစ်ဦးလုံး လိုချင်သည့် အပြုမူသည် အသိစိတ်၊ နှလုံးသားမှ လာသော နာခံမှုသာဖြစ်သည်။

၃။ ပြဿနာကို လျစ်လျူရှုခြင်း

တတိယ ရွေးချယ်မှုမှာ ပြောင်းလဲမှုကို လျစ်လျူရှုခြင်းဖြစ်သည်။ မှန်ပြောင်းသေနတ်သည် အိမ်သို့ဘယ်တုန်းကမှရောက်မလာ။ အဆင်မပြေသော်လည်း အားလုံးအဆင်ပြေနေသကဲ့သို့ ဟန်ဆောင်နေလိုက်ခြင်းဖြစ်သည်။ ဤအချက်သည်လည်းမဖြစ်နိုင်။ အကြောင်းမှာ အပြစ်သည် လျစ်လျူရှု၍ ရသောအရာမဟုတ်။ မေတ္တာကဖြစ်စေ တရားမျှတမှုကဖြစ်စေ ထိုသို့ပြုခြင်းကို ခွင့်မပြုပါ။ အပြစ်ကို သတိပြုရန် လိုအပ်သည်။ ကလေ့စားချေလို၍ အမုန်းတရား

ဖြင့်ဖြစ်စေ၊ မေတ္တာတရားဖြင့် စည်းကျော်၍ ကယ်တင်လိုသည်ဖြစ်စေ တုန့်ပြန်မှုတစ်ခုခု ပြုကိုပြု ရမည်ဖြစ်သည်။

အထက်ပါ ဖြစ်နိုင်ချေရှိသော ရွေးချယ်မှုများကို ကျွန်တော်တို့ ပယ်ချခဲ့ပြီးဖြစ်သည်။ ထိုဘုရားတရားကိုင်းရှိုင်းသော လူကြီးအတွက် မည်ကဲ့သို့သော ရွေးချယ်မှုမျိုး ကျန်သေးသနည်း။ ဤကဲ့သို့သော အခြေနေမျိုး၌ ဘုရားသခင်သည် မည်သို့ပြုမူမည်ဟု ထင်သနည်း။

ဦးစွာ ဖခင်ဖြစ်သူက သူ့သားသည် သူ့ကိုသူ၊ အခြားလူများ၊ ပြည်တွင်းသက်ရှိများနှင့် တောရိုင်းတိရိစ္ဆာန်များကို အန္တရာယ်ရှိသော အခြေနေ၌ ထားမိပြီဖြစ်ကြောင်း သတိထားမိသည်။ သူ့သားသည် အတွေ့ကြုံမရှိ လေ့ကျင့်ထားခြင်းမရှိသော သေနတ်သမားတစ်ဦးဖြစ်သည့်အတွက် အောက်ပါအရာများကို သူသင်ကြားရန်လိုအပ်ပါသည်။

၁။ ပစ်မှတ်သားကောင်၏ လမ်းကြောင်းတစ်လျှောက်၌ အဆောက်ဦး၊ လူများ၊ အိမ်မွေးတိရိစ္ဆာန်များ ရှိမရှိ သေချာစစ်ဆေးရမည်။

၂။ အကာကွယ် စခန်း၊ သစ်ပင်များပေါ်သို့ လက်နက်များကိုင်ဆောင်လျက် လုံခြုံစွာတက်တတ်ရန်၊ အခြားသူများ ဖြစ်လေ့ရှိသကဲ့သို့ သူ့ကိုသူဖြစ်စေ သူငယ်ချင်းများကိုဖြစ်စေ ပစ်မိတာမျိုး မဖြစ်စေရန် သတိထားရမည်ဖြစ်သည်။

၃။ ကျည်ကန်အားကြောင့် ဆိုးရွားစွာ အသက်အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိထားရမည်။

၄။ သားကောင်ကို မသေမီ ကြာရှည်စွာ ဝေဒနာခံစားစေခြင်းကို ဖြစ်နိုင်သမျှမပြုရန်။

သူ့ကိုယ်သူဖြစ်စေ အခြားသူများကိုဖြစ်စေ သူ့ရွေးချယ်မှု၏ အဆိုးဆုံးအခြေနေမှ ကာကွယ်နိုင်ရန် ဤအချက်များနှင့် အခြားကျန်နေသေးသောအချက်များကို သူသင်ယူရအုံးမည်ဖြစ်သည်။


ဖခင်ဖြစ်သူသည် သူ့သားကို သေနတ်မကိုင်စေရန် မတားနိုင်တော့သောကြောင့် ခွင့်ပြု၍ ထိခိုက်တတ်သော အကျိုးဆက်များမှ ကာကွယ်နိုင်ရန် သင်ကြားမှုများကို စတင်ခဲ့သည်။ ထိုသို့

ပြုခြင်းဖြင့် သေရုံမှတစ်ပါး အခြားရွေးချယ်စရာမရှိသော တောရိုင်းတိရိစ္ဆာန်များသည် သေလည်းမသေ ဝေဒနာလည်းခံစားနေခြင်းမျိုး မရှိတော့သည့် အကျိုးရှိနိုင်သည်။

ဘုရားသခင်နည်းတူ ဖခင်ဖြစ်သူသည်လည်း မေတ္တာဖြင့်အမြဲ ကာကွယ်တတ်သူဖြစ်သည့်အလျောက် အထက်ပါအချက်များအနက် ရွေးချယ်စရာတစ်ခုသာရှိပါသည်။ ဘုရားသခင်သည် သဘာဝအားဖြင့် ကယ်တင်ရှင်ဖြစ်သည်။ ဤပုံပမာတွင် ဖခင်ဖြစ်သူလည်း ထို့အတူပင်ဖြစ်ပါသည်။ ဘုရားသခင်၏ ကယ်တင်ခြင်းကို အခြေနေတစ်ခုခုက မည်သို့ပင် ဟန့်တားထားပါစေ သူသည် ကျန်ရှိနေသေးသော နည်းလမ်းဖြင့် မရရအောင် ကယ်တင်နေအုံးမည်ဖြစ်သည်။

ဖခင်ဖြစ်သူသည် လူငယ်လေးကို လက်နက်မကိုင်စေလိုသည့် ရည်ရွယ်ချက် ကျရှုံးသွားပြီဖြစ်သော်လည်း သူ့အနေဖြင့် ကောင်လေး ရွေးချယ်ထားသောလမ်း၏ အဆိုးဆုံးအခြေနေများမှ ကာကွယ်နိုင်သေးကြောင်း သတိပြုမိလိုက်သည်။ ဝမ်းနည်းနေသော်လည်း လူကြီးလူကောင်းပီသစွာ ဖခင်ဖြစ်သူက ကောင်လေးကို ခေါ်၍ စကားပြောခဲ့သည်။ သူ့ရွေးချယ်မှုကြောင့် ဝမ်းနည်းမိသော်လည်း ဖခင်အနေဖြင့် ကောင်လေး၏ ရွေးချယ်ဆုံးဖြတ်ချက်ကို အပြည့်ဝလေးစားကြောင်း ပြောပြခဲ့သည်။

ဖခင်၏ အထူးသတိပေးချက်ကို လက်ခံလိုက်နာကျင့်သုံးမှသာ ကြုံလာနိုင်သည့် ဘေးအန္တရယ်များမှ လုံခြုံနိုင်မည်ဖြစ်ကြောင်း ထိုကဲ့သို့သော လက်နက်များကို အသုံးပြုခြင်းကြောင့်ဖြစ်လာနိုင်သော အန္တရယ်များကိုလည်း သိမ်မွေ့စွာ ပြောပြခဲ့သည်။ မတော်တဆမှုများမှ ကာကွယ်နိုင်ရန် ထိုအရာများကို သေချာစွာ သင်ကြားပေးလိုကြောင်း သိမ်မွေ့စွာ ပြောပြခဲ့သည်။




ဖခင်ဖြစ်သူက သူ့သားကို အမဲလိုက်မုဆိုး တစ်ယောက်ဖြစ်အောင် သင်ပေးနေဟန်ရှိသည်။ သို့သော် အမှန်မှာ ဖခင်၏ ဆန္ဒကို ဆန့်ကျင်ကာ အသက်သတ်သမားဖြစ်အောင် ရွေးချယ်လိုက်သော သားဖြစ်သူအား သေနတ်ကို လုံခြုံစွာနှင့် သနားစိတ်ရှိရှိ အသုံးပြု တတ်ရန် သင်ပေးနေခြင်းဖြစ်ပါသည်။

မိဘများက ဒေါသကြီးစွာ လူသိရှင်ကြား ရှုတ်ချအပြစ်တင်ခြင်းမျိုး မပြုသောကြောင့် သား ဖြစ်သူသည် ပိုက်ထားသော စိတ်သောကများကို လွတ်ချနိုင်တော့သည်။ သင်ယူရန် စိတ် အားထက်သန်ကြောင်းကိုလည်း ပြောပြခဲ့သည်။ **ထိုသို့တုန့်ပြန်ခြင်းအားဖြင့် သူသည် လူ သားတို့၏ ထူးဆန်းသော သဘောသဘာဝတစ်ခုကို ဖော်ပြနေ၏။ ကြီးမားသော ယုံကြည်**

**ခြင်းလိုအပ်သည့် အချိန်ခါမျိုးတွင် ဘုရားသခင်၏ စကားတော်ကို လိုက်နာလိုခြင်းမရှိဘဲ အသေးဖွဲ့လေးများ၌သာ ကိုယ်တော်၏ အကြံပေးချက်များကို လိုက်နာခြင်းဖြစ်သည်။**

ဥပမာအနေဖြင့် ဣသရေလတို့သည် လက်နက်များကို မယူဘဲ ဘုရားသခင်ကို လုံးလုံးလျား လျား မယုံကြည်နိုင်ခဲ့ကြပါ။ သို့သော် မကောင်းမှုများ လျော့ချနိုင်ရန်သာပေးထားသော ကန့် သတ်ချက်၊သွန်သင်ချက်များကိုသာ လိုက်နာခဲ့ကြသည်။ ထိုနည်းတူစွာ သားဖြစ်သူကလည်း ဖခင်၏ သွန်သင်ချက်အတိုင်း ခြောက်လုံးပြူးသေနတ်ကို လုံးလုံးလျားလျား မစွန့်လွှတ်နိုင် သော်လည်း အန္တရယ်နည်းအောင် အသုံးပြုပုံနှင့် ပတ်သက်၍ ဖခင်၏ သွန်သင်ချက်များကိုမူ လေးစားလိုက်နာခဲ့ပြန်သည်။

ဖခင်ဖြစ်သူ လေ့ကျင့်သင်ကြားရာ၌ သူစတင်ပြုလုပ်မည့်အရာ ပြောသည့်စကားများကြောင့် သူ၏အသက်မသတ်လိုသော သဘောထား ပြောင်းလဲသွားသည်ဟု မဆိုလိုကြောင်း အလေး ပေးလျက် လေ့ကျင့်သင်ကြားခြင်းကို အစပြုခဲ့သည်။

ဖခင်၏ အခြေနေမျိုး၌ ရှိနေသော ဘုရားသခင်သည်လည်း သူ၏သားသမီးများသည် ပျက် စီးခြင်း လက်နက်များကိုင်ဆောင်ရန် ဆုံးဖြတ်သည့်အခါ သူတို့ရွေးချယ်မှု၏ အဆိုးဆုံးသော အကျိုးဆက်များမှ ကယ်တင်ပေးသော်လည်း သူ့အပြုမူများကို မည်သို့ပင် အဓိပ္ပာယ် ကောက်ကြသည်ဖြစ်စေ သူ၏မူလသဘောတော်မှာ ပြောင်းလဲခြင်းမရှိကြောင်း သတိပေးခဲ့ ပါသည်။

> "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။" (မာလခိ ၃:၆)
>
> "ယေရှုခရစ်သည် မနေ့၊ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းလဲနေတော်မူ၏။" (ဟေဗြဲ ၁၃:၈)
>
> "ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ် တော်မူ၏။ (ရှင်ယာကုပ် ၁:၁၇)

အပြစ်တရားမဝင်မီ ဘုရားသခင်သည် မည်သည့်အရာမျှ မဖျက်ဆီးခဲ့ကြောင်း၊ သူသည် ပြောင်းလဲခြင်းမရှိသော ဘုရားသခင်ဖြစ်ကြောင်း အထက်ပါ တည်ကြည်သော ကြေငြာ

ချက်များကို သိလင့်ကစား ဘုရားသခင်၏ ထာဝရကယ်တင်ခြင်း ကြိုးပမ်းမှုကို ကြည့်၍ လူသားများနည်းတူပြုမူသော ဘုရားကဲ့သို့ အများက သတ်မှတ်ချင်ကြသည်။ (ဆာလံ ၅၀:၂၁)

ကျွန်တော်တို့၏ ပုံပမာထဲမှ ဖခင်သည် သားဖြစ်သူကို စာနာစိတ်ရှိသော အမဲလိုက်မုဆိုးတစ်ယောက်ဖြစ်ရန် သင်ကြားပေးခဲ့သော်လည်း သူ၏ မူလသဘောထားပြောင်းသွားသည်ဟု မဆိုလိုပါ။ ဣသရေလတို့ကို ရက်စက်ကြမ်းကြုတ်သော ဓားသူရဲများအဖြစ်မှ ကယ်တင်ရန် ဘုရားသခင်လည်း သူ့စာရိတ္တတော်ကို ပြောင်းလဲရန်မလိုပါ။ သူတို့နှစ်ဦးလုံးသည် အသက်မသတ်ကြပါ။ ကယ်တင်ရန် ကြိုးစားနေကြခြင်းသာဖြစ်သည်။ လုံးဝကယ်၍ မရတော့သော အခြေနေမျိုး၍ နာကျင်မှုဝေဒနာ နည်းနိုင်သမျှ အနည်းဆုံးဖြစ်ရန် ကြိုးစားနေကြခြင်းသာဖြစ်ပါသည်။

ယခုအခါ ဖခင်ဖြစ်သူကို ပြောင်းလဲစေရန် ကြိုးစားသည့် ရွာသားများထဲမှ ဇောအသန်ဆုံးသူတစ်ယောက်သည် သူသွားရာလမ်းမှ သားအဖတို့၏ လေ့ကျင့်သင်ကြားမှုကို တွေ့မြင်ရန် အကြောင်းဖန်လာတော့သည်။ အတော်အလှမ်းဝေးသေးသဖြင့် နှစ်ဦးသားပြော စကားများကို မကြားနိုင်သော်လည်း သားဖြစ်သူကို ခြောက်လုံးပြူးသေနတ် အသုံးပြုနည်း သင်ကြားပေးနေသည်ကို တွေ့မြင်လိုက်၏။

ထိုရွာသားက မည်သို့ထင်မှတ်ခဲ့မည်နည်း။ မည်သို့ ကောက်ချက်ချမည်နည်း။

ထိုရွာသားသည် ဖခင်၏ စိတ်သဘောထားမျိုး မရှိသောကြောင့် သူတို့ကို အဖြစ်မှန်အတိုင်း မည်သို့မျှ နားလည်နိုင်လိမ့်မည်မဟုတ်ပါ။ ဖခင်ဖြစ်သူ ဘာလုပ်နေသည်ကို မှန်ကန်စွာ အကဲဖြတ်နိုင်စွမ်းလည်း ရှိမည့်ပုံမဟုတ်။ ဖခင်ဖြစ်သူပြောင်းလဲသွားပြီဟုသာ သူမြင်တွေ့ခဲ့သည့်အရာကို ကောက်ချက်ချပါလိမ့်မည်။

ရွာသားသည် အပြန်၌ ဖခင်ဖြစ်သူ၏ ပြောင်းလဲမှုကို အမဲလိုက်ဖော်များအား ပြောပြရန် စောင့်နိုင်တော့မည်မဟုတ်။ ဖခင်ဖြစ်သူလည်း သူတို့နည်းတူ သေနတ်သမားဖြစ်ကြောင်း ပြောပြပေလိမ့်မည်။ မယုံသင်္ကာသော နားထောင်နေသူများအား ဖခင်ဖြစ်သူက သားဖြစ်

သူကို သေနတ်ကိုင်တွင်ပုံ ရှင်းပြနေသည်ကို ကိုယ်တိုင်မျက်မြင်သက်သေဖြစ်ကြောင်း ပြောပြနေလိမ့်မည်။

ဖခင်ဖြစ်သူ၏ ကိုယ်ခန္ဓာအပြုအမူက ဘာလုပ်နေကြောင်း သူ့တင်ပြချက်မှာ အမှန်ပင်ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း တိကျစွာ မြင်တွေ့ခဲ့သည် မဟုတ်ပါလော။ သို့သော် ထိုသက်သေများမှ သူကောက်ချက်ချမှတ်ခဲ့ပုံမှာ မှားယွင်းနေပါသည်။

ပုံပမာထဲမှ ဖခင်ဖြစ်သူသည်လည်း ဘုရားသခင် ခံရသည်နည်းတူ အထင်မှတ်မှားခြင်း ခံခဲ့ရပါသည်။

(သင့်ဘုရားကို မျှော်ကြည့်လော့။ Behold your God စာမျက်နှာ ၃၂၈-၃၃၃, F.T. Wright (1979)

ဤပုံပမာထဲမှ ဖခင်ဖြစ်သူ ရင်ဆိုင်နေရသည့်အရာနှင့် ဣသရေလလူတို့၏ ဆုံးဖြတ်ချက်ကြောင့် ဘုရားသခင် ရင်ဆိုင်နေရသည့်အရာသည် ဆက်စပ်နေကြောင်း မိတ်ဆွေ မြင်နိုင်ပါသလား။ လူသားသည် အပြစ်ထဲတွင် နက်ရှိုင်းစွာ ကျရောက်ခဲ့ပြီး သူ့သဘောထားများသည် အလွယ်တကူ မပြောင်းလဲနိုင်ပါ။ ကျွန်တော်တို့ အသက်ရှင်နေထိုင်နေသည့် ကမ္ဘာကြီးသည် တရားမျှတမှု၊ ဥပဒေ၊ အောင်မြင်မှု၊ ဆိုးယုတ်မှု၊ ဖြောင့်မတ်ခြင်းတို့နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ အတွေးခေါ်များကို ဖောက်ပြန် ညစ်ညမ်းစေသည်။ အပြစ်တရားသည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့အမြင်ကိုလည်း ဖောက်ပြန်စေခဲ့ပါသည်။

## စစ်မက်လိုလားသော အတွေးခေါ်များ၌ လျောင်ပိတ်မိခြင်း

ဘုရားသခင်သည် အီဂျစ်ပြည်မှ သူ ခေါ်ဆောင်ခဲ့သော ဣသရေလလူမျိုးအတွက် အလွန်စိတ်ပူတတ်(ကျမ်းစာ၌ မနာလိုဝန်တိုသည် ဟုသုံးနှုန်းထားသည်။)သော ဘုရားဖြစ်သည်။ အီဂျစ်ပြည်သည် သူတို့၏ အတွေးခေါ်များကို နက်ရှိုင်းစွာ လွှမ်းမိုးနေပြီး ဖြစ်ကြောင်း၊ သူတို့၏ မှားယွင်းသော အတွေးခေါ်က သူတို့ကို အခက်ခဲ၊ ဒုက္ခအတိ ပြုတော့မည်ဖြစ်ကြောင်း ကိုယ်တော်သိတော်မူသည်။ ဘုရားသခင်၌ အစီစဉ်တစ်ခုရှိထားသည်။ သူတို့သည် ကိုယ်တော့်ကို

ကြောက်လန့်နေကြကြောင်း ကိုယ်တော်သိတော်မူ၏။ ကိုယ်တော်သည် ကြောက်စရာကောင်းသည်ဟု ထင်သောသူတို့အမြင်အတိုင်းပင် ထင်ရှားပြရသည်။ သို့မဟုတ်လျှင် သူတို့သည် သူ့ကို ကြောက်ရွံ့ရိုသေကြမည် မဟုတ်ပါ။ ဘုရားသခင်သည် လူတို့ကို ခြောက်လန့်လို၍ မဟုတ်ပါ။ ဘုရားသခင်ထိုသို့ မပြုမူပါက ဤကမ္ဘာကြီး၏ ဖန်ဆင်းရှင်၊ ကာကွယ်ရှင်အဖြစ် သူ့အပေါ် ကြောက်ရွံ့မှုမရှိ ဖြစ်ကြပါလိမ့်မည်။ ကြောက်ရွံ့မှုမရှိ၊ လေးစားရုံသာ လေးစားခြင်းသည် ကျွန်ုပ်တို့ကို ပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေမည့် စိတ်ကူးထဲရှိ အသည်းစွဲ ရုပ်ဝတ္ထုကိုးကွယ်မှုများကိုသာ အလေးထားကြမည်ကို ဘုရားသခင် သိတော်မူသည်။ သူ၏ ပညတ်ချက်များနှင့် သူ့အပေါ် ထောက်ထားတတ်မှုမရှိသော ကျွန်ုပ်တို့ကို မြင်တွေ့ရခြင်းသည် ကိုယ်တော့်ကို သောကရောက်စေသည်။ ဤသို့ ထောက်ထားတတ်မှုမရှိခြင်း၏ အကျိုးဆက်သည် အနာဂတ်၌ ကျွန်ုပ်တို့ကို နာကျင်စေလိမ့်မည်ဖြစ်သည်။

> လူအပေါင်းတို့သည် မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း တောင်ထဲက မီးခိုးထွက်ခြင်း အကြောင်းအရာတို့ကို မြင်သောအခါ ကြောက်သောကြောင့်ရွေ့၍ အဝေး၌ရပ်နေကြ၏။ မောရှေကိုလည်း အကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူပါ။ အကျွန်ုပ်တို့သည် နားထောင်ပါမည်။ အကျွန်ုပ်တို့အား ဘုရားသခင် မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကို စိုးရိမ်ပါသည်ဟု လျှောက်ဆိုကြ၏။ မောရှေကလည်း မစိုးရိမ်ကြနှင့်။ သင်တို့ကို စုံစမ်းခြင်းငှာလည်းကောင်း၊ သင်တို့သည် ပြစ်မှားခြင်းနှင့် လွတ်မည်အကြောင်း ကိုယ်တော်ကို ကြောက်စေခြင်းငှာလည်းကောင်း၊ ဘုရားသခင် ကြွလာတော်မူပြီဟု လူများတို့အား ပြောဆို၏။ လူများတို့သည်လည်း အဝေး၌ရပ်နေကြ၏။ မောရှေမူကား၊ ဘုရားသခင်ရှိတော်မူရာ ထူထပ်သော မှောင်မိုက်သို့ ချဉ်းကပ်လေ၏။
> (ထွက်မြောက် ရာ ၂၀:၁၈-၂၁)

စဉ်းစားကြည့်ပါ။ အသက်ဖြစ်သော ကိုယ်တော်၏ နှုတ်ကပတ်တော်ကို သူတို့သည် သေခြင်းကို ယူဆောင်လာသောအရာကဲ့သို့ မှတ်ယူကြပါသည်။ သူတို့ ဘုရားသခင်ကို မချစ်ကြသော်လည်း အနည်းဆုံး ကြောက်ရွံ့လိမ့်မည်ဟု ထင်ပါသလား။ သူတို့ မကြောက်ခဲ့ကြပါ။ သိပ်မကြာမီပင် သူတို့သည် ရွှေနွားသူငယ်ကိုလုပ်သည့်အတွက် မောရှေသည် ပညတ်တော်ဆယ်ပါးကို သူတို့ရှေ့တွင် ပစ်ချိုးခဲ့မိသည်။ ဤအဖြစ်ပျက်၌ ပုံပြင်နှင့် မရင်းနှီးသူများ အနေ

ဖြင့် ဣသရေလတို့သည် စွန့်ပစ်ခြင်းခံတော့မည်ဟု ထင်မှတ်ကြပေလိမ့်မည်။ သို့သော် ဘုရားသခင်၌ သူတို့အချစ်ကို မောရှေအားဖြင့် ရယူနိုင်မည့် အကြံစည်တော်ရှိနေပါသည်။

ကြုံတွေ့ရသည့် ဘေးဒုက္ခများကြောင့် ဘုရားသခင်သည် မောရှေ၏ နှလုံးသားကို နူးညံ့စေနိုင်ခဲ့သည်။ သူ့လူမျိုးများအတွက် မောရှေ၏ အသနားခံပေးခြင်းကို ဘုရားသခင် လက်ခံတော်မူသည့်အတွက် မောရှေသည် ဘုရားသခင်၏ အကြင်နာမေတ္တာတရားကို ပိုမိုနက်ရှိုင်းစွာ နားလည်ခဲ့၏။ ဘုရားသခင်က မောရှေအား သူ၏ စာရိတ္တတော်များဖြစ်သော ချစ်သနားခြင်း၊ မေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း (ထွက်မြောက် ၃၄:၆) တို့ကို ပြသခဲ့သည်။ မောရှေက ကယ်တင်ခြင်း စီမံကိန်းကို နားလည်လာကာ အပြစ်မှ ခွင့်လွှတ်ခြင်း၊ နှလုံးသားထဲတွင် ပညတ်တော်ကို ရေးသားပေးခြင်းခံရစေရန် သူ၏ တစ်ဦးတည်းသော သားတော်ကို ပေးဆပ်ခဲ့သည့် ကိုယ်တော်၏ ကောင်းမြတ်မှုကို နားလည်လာခဲ့သည်။ ဘုရားသခင်က ဤသတင်းကောင်းကို မောရှေအား ဣသရေလလူမျိုးများဆီ ဝေမျှစေခဲ့သည်။ သို့သော် ရင်နာကြေကွဲစရာ တစ်ခုဖြစ်ပျက်ခဲ့ပါသည်။

> "မောရှေသည် သက်သေခံချက် ကျောက်ပြားနှစ်ပြားကို ကိုင်လျက်၊ သိနာတောင်ပေါ်မှ ဆင်းသက်သောအခါ၊ မိမိနှင့်ဘုရားသခင် နှုတ်ဆက်တော်မူသောကြောင့် မိမိမျက်နှာအရောင်ထွန်းပကြောင်းကို မိမိမသိ။ အာရုန်နှင့် ဣသရေလအမျိုးသား အပေါင်းတို့သည် မောရှေကိုမြင်သောအခါ သူ၏မျက်နှာအရောင်ထွန်းပသောကြောင့် သူတို့သည် မချဉ်းကပ်ဝံ့ကြ။...မောရှေသည် သူတို့အားဟောပြော၍မပြီးမီ မိမိမျက်နှာကို ဖုံးအုပ်လေ၏။ (ထွက်မြောက်ရာ ၃၄:၂၉-၃၀,၃၃)

တောင်ထဲ၌ မောရှေသည် ဘုရားသခင်နှင့်အတူရှိနေသည့်အချိန်တွင် အာဒံကျဆုံးခဲ့သည့်အချိန်မှစ၍ ကယ်တင်ခြင်းစီမံကိန်းအကြောင်းကို တက်ကြွဖွယ်အကောင်းဆုံးပုံစံဖြင့် ဖော်ပြသည်ကို မြင်ခဲ့ရသည်။ ထို့နောက် ဣသရလတို့၏ လမ်းခရီးတစ်လျှောက် ညွှန်ကြားနေသည့် ကောင်းကင်တမန်သည် ကိုယ်ထင်ပြမည်ဖြစ်ကြောင်းကိုလည်း သူသိခဲ့ပါသည်။ ဘုရားသခင်၏ ချစ်သား ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းရှိသောသူသည် သူ့ကို ယုံကြည်သောသူအပေါင်းတို့အား ဘုရာသခင်နှင့်အတူ တစ်လုံးတစ်ဝတည်း ဖြစ်

လာစေနိုင်ရန်ဖြစ်သည်။ မောရှေက ထူးမြတ်လှသော ပေးဆပ်အနှစ်နာခံခြင်းကို တွေ့မြင်ခဲ့ရသည်။ ခရစ်တော်က ဧဝံဂေလိသတင်းကောင်းအကြောင်း မောရှေကို သင်ပြခဲ့သည်။ ခရစ်တော်အားဖြင့် သတင်းကောင်း၏ ဘုန်းတော်သည် မောရှေ၏ မျက်နှာကို ထွန်းလင်းသောကြောင့် လူပရိသတ်အပေါင်းတို့သည် သူ့မျက်နှာကို မကြည့်နိုင်ကြချေ။

မောရှေကိုယ်တိုင်လည်း မိမိမျက်နှာသည် ထွန်းတောက်နေသေည့် ဘုန်းတော် ရောင်ပြန်ဟပ်နေကြောင်းကို မသိပါ။ ဣသရေလတို့ကို ချဉ်းကပ်သည့်အခါ အဘယ်ကြောင့်နောက်ဆုတ်ထွက်ပြေးကြသည်ကို သူမသိ။ လူတို့ကို သူ့ဆီလာရန်ခေါ်သောအခါ မည်သူမျှ ဘုန်းတော်ထွန်းတောက်နေသော မျက်နှာကို မကြည့်ဝံ့ကြပါ။ သူတို့သည် ဘုန်းတော်ရောင်ခြည်ကြောင့် မကြည့်ဝံ့ကြောင်းသိသောအခါ မျက်နှာကို ဖုံးအုပ်လေ၏။

(ST March 14,1878)

ဣသရေလလူတို့သည် အလင်းကို ငြင်းပယ်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏ စစ်မှန်သောစာရိတ္တတော်ကို မခံရပ်နိုင်ကြဘဲ မောရှေအား မျက်နှာကို ဖုံးအုပ်စေခဲ့၏။ သူတို့သည် ဘုရားသခင်၏ စာရိတ္တတော်ဖြစ်သော ဘုန်းတော်ကို ငြင်းပယ်ခဲ့ကြသည်။ သူတို့သည် ကယ်တင်ခြင်းစီမံကိန်းကို နက်နဲစွာ မသိမြင်တော့ချေ။ သူတို့သည် ဘုရားသခင်နှင့် တိုက်ရိုက် စကားမပြောရန်နှင့် သူ၏စစ်မှန်သောဘုန်းတော်( သားတော်ယေရှု ဤလောက၌ရှိစဉ်အခါက ပြသခဲ့သော စာရိတ္တတော်)ကို မကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဣသရေလတို့သည် ခါနန်ပြည်ကို မိမိတို့အားကို ကိုး၍ သိမ်းယူရန် ဆုံးဖြတ်ထားခဲ့ကြသည်။ သူတို့သည် ပညတ်ချက်စာသားများကို လိုက်နာခဲ့ကြသော်လည်း စိတ်ဘောထားပြောင်းလဲခြင်း မရှိခဲ့ကြပါ။ ဘုရားသခင်သည် သူတို့ကို ယခုစွန့်ပစ်တော့လေမလား။ မစွန့်ပစ်ခဲ့ပါ။ သူတို့နှင့်အတူ လမ်းခရီးတစ်လျှောက် လိုက်ပါလာ၍ သူတို့၏အမှားများကို အမှန်ပြုပြင်ရန် အစဉ်ခေါ် ဖိတ်တော်မူ၏။ ဤသို့ဖြင့် ဝမ်းနည်းစရာကောင်းသော ဣသရေလနိုင်ငံတော်၏ သမိုင်းသည် အစပြုခဲ့ပါတော့သည်။

## ဣသရေလလူမျိုးတို့အား စစ်ပွဲများဖြင့် ဘုရားသခင် စကားပြောတော်မူခြင်း

ဣသရေလတို့သည် စစ်ပွဲကို ရွေးချယ်ခဲ့သဖြင့် သူတို့သမိုင်းတစ်ခုလုံးသည် စစ်ပွဲများနှင့် ပြည့်နှက်နေတော့မည်ဖြစ်သည်။ အမျိုးမျိုးသော အနိမ့်မြင့်၊ အတက်ကျများအကြား ရုန်းကန်နေကြရပါတော့သည်။ ဘုရားသခင်၏ စကားကို နားထောင်သည့် အချိန်များတွင် တိုက်ပွဲ၌ အောက်မြင်မှုရကြသည်။ အောက်မြင်မှုက သူတို့ကို မာန်မာနကြီးစေ၍ သူတို့ကို သူတို့အားကိုးလာကြပြန်သည်။ ကိုယ်တော့်ကို တိုင်ပင်ခြင်းမပြုတော့ဘဲ နားထောင်နာခံတတ်မှု လျော့နည်းလာကြပြန်သည်။ ထို့ကြောင့် နောက်စစ်ပွဲ၌ ရှုံးနိမ့်ရပြန်သည်။ နောင်တရကာ ဘုရားသခင်ကို ချဉ်းကပ်ကြပြန်သည်။ ဤသို့ သံသယာလည်နေတော့သည်။

သူတို့သမိုင်းတစ်လျှောက် အနိမ့်အမြင့်၊ အတက်အကျများသည် ဖြစ်ပျက်နေသည့် သူတို့အပြုမူများကို နားလည်သဘောပေါက်သည့်အပေါ် မူတည်၍ နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။ ဤအရာသည် ဘုရားသခင်နှင့်သူတို့စပ်ကြား ဆက်ဆံရေးဖြစ်လာကာ သူတို့၏ ယုံကြည်ခြင်း အတွေ့ကြုံဖြစ်လာသည်။ ဣသရေလမျိုးဆက်များအကြား အမွန်မြတ်ဆုံး မျိုးဆက်ဖြစ်သော ယောရှုလက်ထက်၌ပင်လျှင် ထိုသံသယာကို မချိုးဖျက်နိုင်ခဲ့ကြပါ။ ယေရိခေါမြို့ကို ယုံကြည်ခြင်းအားဖြင့် သိမ်းယူခဲ့ကြပြီး မကြာမီ ထိုသံသယာလည်လာပြန်သည်။

> သူတို့အတွက် ဘုရားသခင် ယူဆောင်ပေးသော အောင်နိုင်မှုက သူတို့ကို မိမိကိုယ်မိမိ အားကိုးချင်စိတ် ဖြစ်စေပြန်သည်။ ဘုရားသခင်က ခါနန်ပြည်ကို ပေးရန် ကတိထားတော်မူသောကြောင့် သူတို့ စိတ်ချလွန်သွားသဖြင့် အကောင်းဆုံး ကြိုးစားအားထုတ်၍ ဘုရားသခင်၏ အကူညီကို နှိမ့်ချစွာ တောင်းခံခြင်းကသာ အောင်မြင်မှုကို ပေးစွမ်းနိုင်ကြောင်း မေ့လျော့သွားကြ၏။ ယောရှုပင်လျှင် အာဣမြို့ကိုသိမ်းယူရန်၌ ဘုရားသခင်၏ အကြံပေးမှုကို စိတ်အားထက်သန်စွာ ဆုတောင်းခြင်းအားဖြင့် မတောင်းခံဘဲ စီစဉ်မိခဲ့သည်။ (ST April 21,1881, par,2)

ဣသရေလအမျိုးသားအပေါင်းတို့သည် မိမိတို့ ခွန်အားနှင့် အစွမ်းသတ္တိကို ချီးမြှောက်ခြင်း အစပြုလာကာ အာဣမြို့သူမြို့သားတို့ကို အထင်သေးလာကြသည်။ ယေရိခေါမြို့ကြီးပင်လျှင် အံ့ဖွယ်ကောင်းစွာ ပြိုလဲခဲ့ပြီးဖြစ်သောကြောင့် အာဣမြို့ကို အလွယ်တကူ

အောင်နိုင်လိမ့်မည်ဟု တွက်ထားကြသည်။ ထိုကြောင့် စစ်ပွဲအတွက် စစ်သားသုံးထောင်လုံလောက်မည်ဟု တွက်ထားကြ၏။ ဘုရားသခင်သည် သူတို့နှင့်အတူ ရှိမည်မရှိမည်ကို မမေးမြန်းတော့ဘဲ တိုက်ပွဲကို အလျှင်တစော တိုက်ခဲ့ကြသည်။ သူတို့ ကြုံတွေ့ခဲ့ရသော ပြင်းထန်သော တန်ပြန်တိုက်ခိုက်မှုအတွက် ပြင်ဆင်ထားခြင်းမရှိကြ။ ရန်သူအရေတွက်နှင့် ကောင်းမွန်စွာလေ့ကျင့် ပြင်ဆင်ထားသောရန်သူများကို ကြောက်လန့်လျက် နောက်ဆုတ်ထွက်ပြေးခဲ့ကြသည်။ ခါနန်သားတို့၏ ပြင်းစွာလိုက်ခြင်းကို ခံရ၍ စစ်သားသုံးဆယ့်ခြောက်ယောက် ကျဆုံးခဲ့သည်။ ST April 21,1881, par.3

မျှော်လင့်မထားသော ရှုံးနိမ့်မှုက ဣသရေလတစ်မျိုးသားလုံးကို စိတ်ဓာတ်ကျ သောကရောက်စေခဲ့သည်။ ယောရှုက သူတို့၏မအောင်မြင်မှုသည် ဘုရားသခင်အလိုမကျမှုရှိ၍ဖြစ်သည်ဟု မှတ်ယူလျက် နိမ့်ချကျိုးနွံစွာ ပညတ်တော်ထားရာ သတ္တာရှေ့မြေကြီးပေါ်တွင် မျက်နှာချတော့သည်။ ဣသရေလအသက်ကြီးသူတို့လည်း ဤကိုယ်အားကိုးသည့်အပြုမူတွင် သူနှင့်အတူ သဘောတူခဲ့သည်ဖြစ်၍ စစ်ရှုံးသောအခါ အံ့အားသင့် ဝမ်းနည်းကာ သူနှင့်အတူ အစည်းဝေးတစ်လျှောက်လုံး ပျက်ဝပ်ကြ၏။ ထိုနောက် ယောရှုက စိတ်အားထက်သန်စွာ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ အဖြစ်ပျက်ကို တင်ပြခဲ့သည်။ ST April21,1881, par. 4

"ယောရှုကလည်း **အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ဤလူအပေါင်းတို့ကို အာမောရိလူတို့လက်သို့ အပ်၍ ဖျက်ဆီးစေခြင်းငှာ ယော်ဒန်မြစ်တစ်ဘက်သို့ အဘယ်ကြောင့်ဆောင်ခဲ့တော်မူသနည်း။** အကျွန်ုပ်တို့သည် ရောင့်ရဲသောစိတ်ရှိ၍ ယော်ဒန်မြစ်အရှေ့ဘက်၌ နေကြပါစေသော။ အိုဘုရားရှင်၊ ဣသရေလအမျိုးသားတို့သည် ရန်သူတို့ရှေ့မှာ ကျောကိုလှည့်ရကြသည်ဖြစ်၍ အကျွန်ုပ်သည် အဘယ်သို့ ပြောရပါမည်နည်း။ ခါနနိလူအစရှိသော ဤပြည်သူပြည်သားအပေါင်းတို့သည် ထိုသတင်းကို ကြားလျှင်၊ အကျွန်ုပ်တို့ကို ဝိုင်း၍ အကျွန်ုပ်တို့၏ နာမည်ကို မြေကြီးမှ ပယ်ရှင်းကြပါလိမ့်မည်။ ကိုယ်တော်သည် ကြီးမြတ်သော နာမတော်အဖို့အလို့ငှာ အဘယ်သို့ပြုတော်မူမည်နည်းဟု လျှောက်ဆို၏။ (ယောရှုမှတ်စာ ၇:၇-၉)

ယောရှု၌ ဘုရားသခင်၏ နာမတော်ကို ထင်ရှားစေလိုသော စစ်မှန်သော စိတ်အားထက်သန်မှု ရှိပါသည်။ သို့သော် ဤလျှောက်ထားချက်များ၌ မယုံကြည်မှု သံသယများနှင့် ရောနှောနေသည်ကို တွေ့ရသည်။ ဘုရားသခင်သည် သူ့လူများကို မယုံကြည်သူများ၏ လက်ထဲသို့ရောက်စေရန် ယော်ဒန်မြစ်တစ်ဘက်သို့ ပို့ဆောင်သည်ဟူသော အတွေးသည် အပြစ်ရှိသောအတွေးဖြစ်သည်။ ထိုသို့တွေးခြင်းကြောင့် ဣသရေလတို့၏ ခေါင်းဆောက်တစ်ဦးအနေဖြင့် မထိုက်တန်ပါ။ ပြည်တော်ရှိ ယုတ်မာသော လူမျိုးအပေါင်းတို့ကို တိုက်ထုတ်နိုင်ရန် သူတို့နှင့်အတူ ရှိတော်မူမည်ဖြစ်ကြောင်း အကြိမ်ကြိမ် ကတိထားခဲ့ပြီးလျက်နှင့်၊ ဘုရားသခင် ပြုခဲ့သော အံ့ဖွယ်နိမိတ်လက္ခဏာများဖြင့် သူတို့ကို ကယ်လွှတ်ခဲ့ကြောင်း မြင်တွေ့ခဲ့သူတစ်ဦးအနေဖြင့် ယောရှု၏ မျှော်လင့်ချက်ကုန်ဆုံးခြင်းနှင့် မယုံကြည်မှုသည် ခွင့်လွှတ်၍မရသော အပြစ်ဖြစ်သည်။ ST April 21, 1881, par. 6

သို့သော် ကျွန်ုပ်တို့၏ ကရုဏာမေတ္တာကြီးမားသော ဘုရားသခင်သည် သူ့ကျွန်တော်၏ အမှားကို အမျက်ဒေါသဖြင့် မတုံ့ပြန်ခဲ့ပါ။ မေတ္တာရှေ့ထားလျက် ယောရှု၏ နှိမ့်ချစွာ တောင်းလျှောက်သော ဆုတောင်းသံကို နားညောင်းတော်မူခဲ့သည်။ ထို့နောက် သူ၏ မယုံကြည်မှုကို ညင်သာစွာ ဆုံးမလျက်၊ စစ်ပွဲရှုံးနိမ့်ရခြင်းကို ရှင်းပြတော်မူခဲ့ပါသည်။… (ST April 21, 1881, par. 7)

ထိုအကြောင်းအရာကို ဣသရေလလူမျိုးအပေါ် အထင်မြင်သေးစေရန် ရည်ရွယ်၍ မျှဝေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည်လည်း သူတို့နှင့်အတူတူပင်ဖြစ်ပါသည်။ အယ်လင်ဝိုက်က ကျွန်ုပ်တို့သည်လည်း သူတို့၏ သမိုင်းကဲ့သို့ ထပ်ခါထပ်ခါ ပြုမူမိနေသူများဖြစ်သည်ဟု ဆိုထားပါသည်။ ကျွန်တော် သတိပြုစေချင်သောအချက်မှာ ယောရှု၏ ဆုတောင်းချက်၌ ခွင့်လွှတ်ခြင်းကို တောင်းဆိုမှုမျိုး မတွေ့ရသည့်အတွက် သူ၌ အပြစ်ရှိနေသည်ကို သတိမပြုမိခြင်းပင်ဖြစ်သည်။ သူသည် ဘုရားသခင်ကို **“အိုအရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ဤလူအပေါင်းတို့ကို အာမောရိလူတို့လက်သို့အပ်၍ ဖျက်ဆီးစေခြင်းငှာ ယော်ဒန်မြစ်တစ်ဘက်သို့ အဘယ့်ကြောင့်ဆောင်ခဲ့တော်မူသနည်း။”** ဟု အသံမြင့်ကိုလျက် ဆန့်ကျင်ဘက်ပြု စွပ်စွဲခဲ့သည်ကို တွေ့ရသည်။ ဤစိတ်နေသဘောထားသည် ဣသရေလလူမျိုးတို့ကို လှောင်ပိတ်နေသော စိတ်နေသဘောထားဖြစ်သည်။

အာပြေပဟံနှင့် သူ၏မျိုးနွယ်အတွက် ကတိထားတော်မူခဲ့သည်ဖြစ်ရာ ဘုရားသခင်က သူ့လူများကို စွန့်ပစ်တော်မမူခဲ့ပါ။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်အပေါ် အမြဲ အထင်မြင်မှားလေ့ရှိကြသည်။ မျိုးဆက်ပေါင်းများစွာသည် အပြစ်များကို နောင်တရကာ ပညတ်တော်ကို လိုက်လျှောက်လျက်၊ ရုပ်တုဆင်းတုများကို မကိုးကွယ်ဘဲ စစ်မှန်စွာ ဘုရားသခင်ကို ကိုးကွယ်ခဲ့ပါက သူတို့သည် နောက်တစ်ဆင့်မြင့်သော ယုံကြည်ခြင်းကို တွေ့ကြုံနိုင်မည်ဖြစ်သော်လည်း ထိုသို့ဖြစ်မလာခဲ့ပါ။ ရှေးခေတ်ဣသရလတို့သည် ဘုရားသခင်အပေါ် သူတို့အမြင်ကို မပြောင်းလဲချင်ကြပါ။ ထို့ပြင် ပို၍မြင့်မြတ်သော၊ ပို၍သန့်ရှင်းသော အတွေးအမြင်သို့ ရောက်နိုင်စေရန် ဦးဆောင်သွန်သင်သည့် ပရောဖက်များကို ကျောက်ခဲနှင့် ပစ်သတ်ခဲ့ကြပါသေးသည်။ ထို့အတွက်ကြောင့် ဘုရားသခင်၏ သားတော်က ပရောက်ဖက်အပေါင်းတို့၌ အကြီးမြတ်ဆုံးသော ပရောဖက်ဖြစ်သည်ဟု ပြောခဲ့သော နှစ်ခြင်းဆရာယောဟန်ကပင် သူသင်ကြားခဲ့သော ဘုရားသခင် လုပ်ဆောင်မည့်အရာများအတိုင်း ဘုရားသခင်ပြုမူသည်ကို မတွေ့ရသောအခါ ဝမ်းနည်းလျက် သံသယအောက်တွင် ကျရောက်ခဲ့ရပါသည်။

ကယ်တင်ရှင်၏ တပည့်တော်များနည်းတူ၊ နှစ်ခြင်းဆရာယောဟန်ကလည်း ခရစ်တော်၏နိုင်ငံတော် သဘောသဘာဝကို နားမလည်ခဲ့ပါ။ ယေရှုသည် ဒါဝိဒ်၏ ပလ္လင်တော်ကို ဆက်ခံလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း အချိန်များ ကုန်လွန်လာသည်နှင့်အမျှ ကယ်တင်ရှင်သည် ရှင်ဘုရင့် အာဏာရယူမှုမျိုး မတွေ့ရသောအခါ စိတ်ရှုပ်ထွေးလာကာ စိတ်ဒုက္ခရောက်လာတော့သည်။ သူက ကိုယ်တော်၏ရှေ့၌ လမ်းကို ပြင်ဆင်ရန် ဟေရှာယ၏ ပရောဖက်ပြုချက်ဖြစ်သည့် “တောင်ကုန်းတောင်တန်းများကို မြေပြန့်ဖြစ်စေကြလော။ ကွေ့ကောက်သောလမ်းများကို ဖြောင့်စေကြလော။ ကြမ်းတမ်းသော မြေကို လွင်ပြင်ဖြစ်စေကြလော” ဆိုသည့်အတိုင်း ပြည့်စုံရမည်ဟု ကြေငြာဟောပြောခဲ့ပြီးဖြစ်သည်။ သူက လူသားတို့၏ အမြင့်ဆုံးသော မာန်မာနများနှင့် တန်ခိုးအာဏာများကို နှိမ့်ချပစ်မည်ကို စောင့်နေခဲ့သည်။ သူက မေရှိယသည် မြေပြင်ကိုသန့်စင်ဆေးကြောရန် တံစဉ်းကို လက်၌ကိုင်လျက် ဂျုံစပါးများကို သူ၏ စပါးကျီအတွင်း စုသိမ်းကာ၊ မြက်ပင်၊ ပေါင်းပင်များကို မရောင့်ရဲနိုင်သောမီးဖြင့် လောင်ကျွမ်းစေမည့်သူဟု ညွှန်ပြခဲ့ပြီးဖြစ်သည်။ ပရောဖက်ဧလိယ၏ စိတ်ဝိညာဉ်နှင့်တန်ခိုးဖြင့် ဧလိယကဲ့သို့ ကယ်တင်ရှင်

သည် မီးဖြင့် အဖြေပေးသော ဘုရားဖြစ်ကြောင်း မိမိကိုယ်မိမိ ဖော်ပြလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။ (ထာဝရလိုအင် သက်တော်စဉ် ၂၁၅,၂)

နှစ်ခြင်းဆရာယောဟန်သည် ဘုရားသခင်အပေါ် ထိုကဲ့သို့သောအမြင်မျိုးကို သူ၏ ဘိုးဘေးများထံမှ အမွေရခဲ့ခြင်းဖြစ်သည်။ အမြင့်မြတ်ဆုံးသော ဣသရေသလူမျိုးများပင်လျှင် ခရစ်တော်၏နိုင်ငံတော်အကြောင်းကို နားမလည်နိုင်ခဲ့လျှင် အမှောင်မိုက်ဆုံးသော အချိန်တွင် အသက်ရှင်ခဲ့သော ရှေးခေတ်ဣသရလများအနေဖြင့် မည်သို့သဘောပေါက် နားလည်နိုင်မည်နည်း။ တရားသူကြီးမှတ်စာကို ယခုဆက်၍ လေ့လာကြရအောင်။

## သင်ပြုသည်အတိုင်း ပြန်၍ခံရမည်။

ယောရှုလက်ထက်တစ်လျှောက်လုံး၊ ယောရှုထက်ပို၍ အသက်ရှည်သော ဘုရားသခင်၏ အံ့ဖွယ်ပြုတော်မူသောအရာများကို မြင်တွေ့ခဲ့ရသော အသက်ကြီးသူများ၏ လက်ထက်တစ်လျှောက်လုံးတွင် ဣသရေသအမျိုးသားအပေါင်းတို့သည် ဘုရားခင်၏ အမူတော်ကို ထမ်းရွက်ခဲ့ကြသည်။ ဣသရေလတို့သည် နောင်တရလျက် အပြစ်လွှတ်ပြီးဖြစ်သော်လည်း မကောင်းမှုမျိုးစေ့ ပျိုးပြီးသားဖြစ်ရာ အညှောက်ထွက်လျက် အသီးသီးတော့မည်ဖြစ်သည်။ ယောရှု၏ ဖြောင့်မတ်တည်ကြည်သော အသက်တာသည် အနိစ္စရောက်လေပြီ။ သူ၏ ဆုံးမသွန်သင်ချက်၊ သတိပေးချက်များလည်း နောက်ထပ်မကြားရတော့ပါ။ သစ္စာရှိသော ယော်ဒန်မြစ်ကို ကူးခဲ့သည့် စစ်သားများသည်လည်း တစ်ယောက်ပြီးတစ်ယောက် သူတို့စစ်ဝတ်တန်ဆာများကို ချကာ အနားယူကြပြီဖြစ်သည်။ မျိုးဆက်သစ်များ၏ အပြုမူများသည် ဇာတ်လမ်း၌ ပေါ်လာပြီဖြစ်သည်။ တစ်မျိုးသားလုံး ထာဝရဘုရားကို ကျောခိုင်းသွားခဲ့ကြသည်။ ဝတ်ပြုကိုးကွယ်မှုများသည်လည်း မှားယွင်းသောနည်းစနစ်များ၊ လောဘကြီးသော မာန်မာနများနှင့် ရောနှောနေ၏။

ဘုရားသခင်၏အမှုတော်ထမ်းဆောင်မည်ဟု ပြောဆိုခဲ့သောလူသားသည် ဘုရားသခင်ကို မေ့လျော့တတ်လေ့ရှိသည်။ နာဇရက်သားတို့က သူတို့သည် ခရစ်တော်ကို ချစ်ကြသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့ကြသော်လည်း ကောင်းကင်က သူတို့ကို လူမျိုးခြားတို့

ထက်ပို၍ နှစ်သက်ခြင်းမရှိကြောင်းပြောသောအခါ ယေရှုကို ဘုရားကျောင်းမှ ခေါ်သွား၍ တောင်ထိပ်မှ ပစ်ချရန် ကြိုးစားခဲ့ကြသည်။ ခရစ်တော်ကျွေးမွေးခဲ့သော လူစုလူဝေးကြီးက သူတို့သည် ခရစ်တော်ကို ချစ်သည်ဟု ထင်ခဲ့ကြသည်။ ခရစ်တော်က သင်တို့သည် ထာဝရအသက်မုန့်ထက် ပျက်စီးတတ်သောမုန့်ကို သာ၍အလိုရှိကြသည်ဟု ပြောခဲ့သည်။ ချမ်းသာသောလူငယ်လေးက သူသည် ကယ်တင်ရှင်ကို ချစ်သည်ဟု ထင်မှတ်ခဲ့၏။ ကယ်တင်ရှင်၏ နှုတ်ဖျားမှ ထွက်လာသော မင်္ဂလာတရားတော်များကို နားထောင်ဖူးသည်သာမက အံ့ဖွယ်ကောင်းသော နိမိတ်လက္ခဏာများကိုလည်း မြင်ဖူးသူဖြစ်၏။ သို့သော် ကယ်တင်ရှင်က "သင်၌ ရှိသမျှကို ရောင်း၍ ဆင်းရဲသားများကိုပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘဏ္ဍာကို သင်ရလိမ့်မည်။ ထို့နောက် ငါ့နောက်သို့လိုက်လော" ဟုပြောသောအခါ သူ၏တပ်မက်မှုကိုဖက်တွယ်ကာ ဝမ်းနည်းစွာ ထွက်သွားခဲ့သည်။ ခရစ်တော်ကို ချစ်သည်ထက် စည်းစိမ်ချမ်းသာကို သာ၍ ချစ်သည်။ ကယ်တင်ရှင်သည် နောင်တရလျက် ဆင်းရဲသနားဖွယ်ကောင်းသော မိန်းမတစ်ဦးလောက် သူ့ကို မလေးစားသည်ကို မသိခင်အထိ၊ ဖာရိရှဲ ဆိုင်းမွန်က သူ ခရစ်တော်ကို ချစ်သည်ဟု ထင်ခဲ့၏။

လူအများက ခရစ်တော်၏ အသက်တာ၌ ရှိသေလေးသားရမည့်အချက် အများအပြားတွေ့ကြပါသည်။ သို့သော် မိမိကိုယ်မိမိဖြောင့်မတ်သည်ဟု မှတ်ယူသူများ၏ နှလုံးသားသည် ခရစ်တော်ကို အချစ်စစ်ဖြင့် **မချစ်နိုင်ကြပါ။ ခရစ်တော်၏ လှပတင့်တယ်သော စာရိတ္တတော်ကို မမြင်နိုင်သောသူသည် မိမိ၏ အားနည်းချွတ်ယွင်းချက်များကို မမြင်နိုင်တော့ချေ။ ကျွန်ုပ်တို့၏ အပြစ်သဘောကို သတိထားမိတတ်မှ ခရစ်တော်ကို ကျွန်တော်တို့ တန်ဖိုးထားတတ်မည်ဖြစ်သည်။** (RH September 25, 1900)

သူတို့ကြုံခဲ့သည်နည်းတူ ကျွန်တော်တို့ ကြုံရမည့် အရေးကြီးသော ပြဿနာကို ဖော်ပြနိုင်ရန် မျှော်လင့်၍ ဤရှည်လျားသော စာပိုဒ်ကို ကျွန်တော် ကိုးကားရခြင်းဖြစ်ပါသည်။ တရားသူကြီးမှတ်စာ စာအုပ်ကို ကျွန်တော်တို့ လေ့လာကြည့်ပါက သူတို့ဘိုးဘေးတို့၏ အမှားများဆက်လက်ပြန့်ပွားနေသည်ကို တွေ့ရသည်။ သူတို့သည် ကတိတော်ပြည်ကို ဝင်စားရသောအခါဖြစ်ရာ လုံခြုံသွားပြီဟု ယူဆကြသည်။ သူတို့အတွက် ဘုရားသခင် လုပ်ပေးခဲ့သော အရာများကို မေ့လျော့လာကြ၏။ သူတို့အပြစ်များ၊ အပြစ်၏အကျိုးဆက်များနှင့်တကွ ခရစ်

တော်၏ သာသနာတော်ကို နားမလည်လိုဘဲ ငြင်းပယ်ခဲ့ကြသည်။ ယခုလည်း ကဲ့သို့သော အဖြစ်ပျက်သည် သံသယာလည်နေပါသည်။

"ဣသရေလအမျိုးသားတို့သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြု၍ မိမိတို့ ဘုရားသခင်ထာဝရဘုရားကို မေ့လျော့သဖြင့် ဗာလဘုရားများ၊ အာရှရပင်များကို ဝတ်ပြုသောကြောင့် ထာဝရဘုရားသည် ဣသရေလအမျိုး၌ ပြင်းစွာအမျက်တော်ထွက်၍ မေသောပေါတာမိရှင်ဘုရင်ခုရှံရိရှသိမ်၌ ရောင်းတော်မူသဖြင့်၊ ဣသရေလလူတို့သည် ရှစ်နှစ်ပတ်လုံး ထိုရှင်ဘုရင်ထံ၌ ကျွန်ခံရကြ၏။ နောက်တစ်ဖန်ထာဝရဘုရားကို အော်ဟစ်ကြသောအခါ ကယ်တင်သောသခင်၊ ကာလက်ညီ၊ ကေနတ်၏သား သြသံယေလကို သူတို့အဖို့ ပေါ်ထွန်းစေတော်မူ၏။ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သူ့အပေါ်သို့ သက်ရောက်သဖြင့်၊ သူသည် ဣသရေလအမျိုးတို့ကို အုပ်စိုး၍ စစ်ချီလေ၏။ မေသောပေါတာမိ ရှင်ဘုရင် ခုရှံရိရှသိမ်ကို သူ့လက်၌ ထာဝရဘုရားအပ်တော်မူသဖြင့် သူသည် ထိုရှင်ဘုရင်ကို အောင်လေ၏။" (တရားသူကြီးမှတ်စာ ၃:၇-၁၀)

တစ်ဖန်ဣသရေလအမျိုးတို့သည် ထာဝရဘုရား၏ ရှေ့တော်၌ ဒုစရိုက်ကိုပြုသောကြောင့် မောဘရှင်ဘုရင် ဧလုန်ကို ဣသရေလအမျိုးတစ်ဖက်၌ ခွန်အားနှင့် ပြည့်စုံစေတော်မူ၏။ ဣသရေလအမျိုးသားတို့ တစ်ဆယ်ရှစ်နှစ်ပတ်လုံး မောဘရှင်ဘုရင် ဧဂလုန်မင်းထံ၌ ကျွန်ခံရကြ၏။ နောက်တစ်ဖန် ထာဝရဘုရားကို အော်ဟစ်သောအခါ ကယ်တင်သောသခင်၊ လက်ယာလက်ကိုမသုံးတတ်သော၊ ဗယ်ာမိန်အမျိုး၊ ဂေရသား ဧဟုဒကို ပေါ်ထွန်းစေတော်မူ၏။ (တရားသူကြီးမှတ်စာ ၃:၁၂,၁၄-၁၅)

ဧဟုဒသေသောနောက် ဣသရေလအမျိုးသားတို့သည် တစ်ဖန် ဒုစရိုက်ကိုပြုသောကြောင့်၊ ထာဝရဘုရားသည် ဟာဇော်မြို့၌ မင်းပြုသော ခါနန်ရှင်ဘုရင် ယာဟိုန်၌ ရောင်းတော်မူ၏။... ဣသရေလအမျိုးသားတို့သည်... ထာဝရဘုရားကို အော်ဟစ်ကြ၏။ (တရားသူကြီးမှတ်စာ ၄:၁-၃)

ဣသရေလတို့သည် ဘုရားသခင်ကို စစ်ဘုရား၊ အပြစ်ဒဏ်ပေးသောဘုရားဟု ထင်မြင်ယုံကြည်ကြသည့်အတွက် သူတို့သည် အပြစ်ပေးခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းခံရသော အခါ၌

သာ ဘုရားသခင်၏ ပညတ်ချက်များကို လိုက်နာရန်လိုအပ်သည်ဟု ထင်မှတ်ကြသည်။ သူတို့ကောင်းစားနေသည့် အချိန်တွင်လည်း ကိုယ်တော် သူတို့ကို ဂရုစိုက်တော်မူကြောင်း သူတို့ မမြင်နိုင်ခဲ့ကြပါ။ သူ၏ပညတ်ချက်များသည် စပါးရိတ်သိမ်းချိန်အတွက်၊ မိသားစုအတွက်၊ ကျန်းမာရေးအတွက်၊ အခြားနိုင်ငံများနှင့် ပေါင်းသင်းဆက်ဆံရေးအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည်ဖြစ်ကြောင်းကို သူတို့ နားမလည်နိုင်ခဲ့ကြပါ။ သူတို့သည် ပညတ်တော်ကို ကောင်းချီးမင်္ဂလာဟု မခံယူတတ်ကြဘဲ၊ ဘုရားသခင်၏ မျက်နှာသာ ရဖို့အတွက်သာ လုပ်ရသောဝန်ထုပ်ဝန်ပိုးအဖြစ် မြင်နေကြ၏။

ဘုရားသခင်က သူတို့ကို ကယ်တင်ရန် လူစွမ်းကောင်း (သို့) တရားသူကြီးတစ်ဦး စေလွှတ်မှသာ တိုင်းပြည် ငြိမ်းချမ်းရ၏။ ထိုကယ်တင်သူများသည် ကောင်းမှုအားလုံး၏ အရင်းမြစ်ဖြစ်သော အဖဘုရားသခင်ထံ ချဉ်းကပ်ရန်လမ်းဖြစ်ကြောင်း သူတို့မမြင်နိုင်ခဲ့ကြပါ။ ဘုရားသခင်သည် သူတို့နှင့်အတူ အလုပ်လုပ်ရန် ကြိုးစားနေသော်လည်း သူတို့သည် ဘုရားသခင်၏ တန်ခိုးတော်ကို မယုံကြည်မှုဖြင့် ကန့်သတ်ထားကြသည်။ ဘုရားသခင်သည် မိမိအပေါ် သူတို့၏ အမြင်များကို အတင်းအဓမ္မ မပြောင်းစေလိုပါ။ ဘုရားသခင်ကို မချစ်နိုင်ကြသောကြောင့် သူတို့၏ရန်သူများကို မချစ်နိုင်ကြခြင်းဖြစ်သည်။

> ယုံကြည်ခြင်းအယူဝါဒကို စွန့်ပယ်လျက်၊ သူတို့၏ ကြီးမားသောဆိုးယုတ်မှုများ ရှိနေလင့်ကစား၊ ကိုယ်တော်သည် သူတို့ကို လုံးလုံးလျားလျား မစွန့်ပစ်ပါ။ ရန်သူများ၏ ညှင်းပန်းနှိပ်စက်မှုများမှ သူတို့ကိုကယ်တင်ရန် သစ္စာရှိပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောသူများကို တစ်ချိန်ပြီးတစ်ချိန် ပေါ်ထွန်းစေခဲ့သည်။ သို့သော်လည်း လူမျိုးအပေါင်းတို့သည် မကောင်းမှုများဖြင့် အလွန်အကျင့်ပျက်နေကြသည်ဖြစ်ရာ သူတို့အတွက် သန့်ရှင်းသော ယုံကြည်ခြင်း၊ သန့်ရှင်းစွာ ကိုးကွယ်မှုများသည် လွယ်ကူသော အလုပ်မဟုတ်တော့ပါ။ ကယ်တင်သူ သေ၍ သူ၏အုပ်ချုပ်မှုမှ လွတ်မြောက်သည်နှင့် သူတို့၏ ရုပ်တုကိုးကွယ်မှုများသို့ ပြန်သွားကြပြန်သည်။
>
> ကိုယ်တော်သည် သူ့လူမျိုးများကို သူ့ကိုယ်စား တန်ခိုးပြနိုင်သည့် အနေထားတစ်ခုသို့ ရောက်စေနိုင်ရန် ကြိုးစားခဲ့သော်လည်း သူတို့နှလုံးသားများသည် ဘုရားသခင်ကို စွန့်

> ပစ်ထားကြကာ သူ၏အလိုတော်၌ မအပ်နှံလိုကြပါ။ အလွန်ကန်းနေကြပါသည်။ ရှင်းမပြတတ်အောင် မိုက်မဲခဲ့ကြပါသည်။ ထိုနားမလည်နိုင်သောသူများသည် ဘုရားသခင်၏ ဉာဏ်ပညာ ဆုကျေးဇူး၊ လောကကောင်းချီးမင်္ဂလာ လက်ခံရသူများဖြစ်ပါသည်။ သို့တိုင်သူတို့သည် ဘုရားသခင်၏မျက်နှာသာ၊ အဆုံးမရှိ ချစ်ခြင်းမေတ္တာထက် လောကီချမ်းသာစည်းစိမ်ကိုသာ လိုက်စားလိုကြသည်။ (ST June 9,1881)

သူတို့ အကူညီတောင်းသောအခါ ဘုရားသခင် ကယ်လွှတ်လေ့ရှိသော်လည်း သူ့အပေါ် သူတို့၏အမြင်အတိုင်းသာ ကယ်တင်တော်မူပါသည်။ ထို့ကြောင့် သူတို့၏ တရားသူကြီးများသည် သူတို့အပြုမူမျိုးရှိသော စစ်ဗိုလ်ကြီးများ ဖြစ်ရခြင်းဖြစ်သည်။ ထိုအတွေးခေါ်ကြောင့် နောက်ပိုင်းတွင် မေရှိယသည်လည်း ထိုတရားသူကြီးများကဲ့သို့ စစ်ဗိုလ်တစ်ပါး ဖြစ်မည်ဟု ခံယူကြတော့သည်။ ဘုရားသခင်သည် သူတို့နည်းလမ်း သူတို့ပုံစံအတိုင်း လိုက်လျောကာ အလုပ်လုပ်သော်လည်း သူတို့နှင့်မတူ ခြားနားကြောင်းကို နားမလည်နိုင်ကြတော့ပါ။

သူတို့ကို တရားစီရင်ရန်၊ အမှန်တရားလုပ်ဖို့ သူတို့ကို ပဲ့ပြင်ရန် လူသားအပေါ် မှီခိုခြင်းသည် သူတို့နှလုံးသား၌ ပညတ်တော်ရှိမနေကြောင်း ဖော်ပြနေပါသည်။ သူတို့သည် ယုံကြည်ခြင်းဖြင့် အသက်မရှင်ဘဲ၊ မြင်နိုင်သောအရာများအပေါ် မှီခိုအသက်ရှင်နေကြသည်။ (၂ ကောရိန္သု ၅:၇ ကိုဆန့်ကျင်လျက်) ဘုရားထက် လူသားကို ဦးဆောင်စေလိုသည့် စိတ်နေသဘောထား (သို့မဟုတ်) ဘုရားသခင်၏ စကားတော်များကို နာခံလိုက်လျှောက်ရမည့် အယောက်တိုင်း၏ တာဝန်များ လျော့နည်းစေရန် လူတစ်ယောက်ကို တာဝန်ခံစေလိုသော စိတ်ထားသည် နောက်ဆုံး၌ ရှင်ဘုရင်တစ်ပါးကို တောင်းဆိုသည်အထိ ဖြစ်လာစေသည်။

## ဣသရေလလူမျိုးတို့ ရှင်ဘုရင်တစ်ဦးကို တောင်းဆိုခြင်း

> “ထာဝရဘုရားကလည်း၊ သင့်အား လူများတို့ ပြောဆိုသမျှသော စကားကို နားထောင်လော့။ သူတို့သည် သင့်ကိုသာမပယ်၊ ငါသည်သူတို့ကို မအုပ်စိုးစေခြင်းငှာ ငါ့ကိုလည်း ပယ်ကြပြီ။ သူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သောနေ့မှစ၍ ယနေ့တိုင်အောင် ငါ့ကို စွန့်၍ အခြားတစ်ပါးသော ဘုရားတို့ကို ဝတ်ပြုသဖြင့် ကျင့်မိသမျှသော အကျင့်အတိုင်း

သင်၌လည်းပြုကြ၏။ ယခုမှာ သူတို့စကားကို နားထောင်လော့။ သို့ရာတွင် သတိပေး၍ သူတို့ကို အုပ်စိုးသော ရှင်ဘုရင်၏ ထုံးစံကို ပြလော့ဟု မိန့်တော်မူ၏။ (ဓမ္မရာဇဝင် ပထမစာစောင် ၈: ၇-၉)

အစောပိုင်း နှစ်ပေါင်းငါးရာအတွင်း ဣသရေလလူမျိုး၌ ရှင်ဘုရင်မရှိပါ။ သူတို့ကို မျိုးနွယ်အလိုက် ခွဲခြားထားပြီး ဘုရားသခင်သည် သူတို့၏ ရှင်ဘုရင်ဖြစ်တော်မူ၏။ အခြားနိုင်ငံများနှင့်မတူ ခြားနားသော ဤစနစ်ကြီးကို ငြီးငွေ့လာကြသောကြောင့် နောက်ဆုံး တရားသူကြီးဖြစ်သော ရှမွေလုထံ ရှင်ဘုရင်တစ်ပါးကို တောင်းဆိုခဲ့ကြသည်။ ထိုသို့တောင်းသောကြောင့် ရှမွေလုသည် နာကျင်ခံစားမိသည်။ သို့သော် ဘုရားသခင်က သူတို့ ငြင်းပယ်သောသူသည် ရှမွေလုမဟုတ်ဘဲ ဘုရားသခင်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ သူတို့၏ တောင်းဆိုမှုသည် ဘုရားသခင်ကိုလည်း စိတ်ပူပန်စေခဲ့သည်။ ရှင်ဘုရင်လိုချင်သော သူတို့၏တောင်းဆိုမှုသည် သူတို့ကို နာကျင်စေမည်ဖြစ်ကြောင်း ကိုယ်တော်သိတော်မူသည်။ အကြောင်းမှာ ကိုယ်တော်သည် အနာဂတ်ကို သိတော်မူသည်။

ဘုရားသခင်က သူတို့လိုချင်သောအရာကို ပေးခဲ့သော်လည်း ရှင်ဘုရင်တစ်ပါးသည် သူတို့၏ သားများကို စစ်သားဖြစ်စေလျက်၊ သူတို့၏ အသီးနှံများကို ရိတ်သိမ်းလျက်၊ အခွန်များကောက်လျက်၊ သူတို့သမီးများကို အာဏာဖြင့် သူ့အတွက်အလုပ် လုပ်စေလျက်၊ သူတို့ တိရိစ္ဆာန်များကို သိမ်းယူမည်ဖြစ်ကြောင်း အရင်သတိပေးခဲ့သည်။ ရှင်ဘုရင်သည် သူတို့ကို ဖိနှိပ်ချုပ်ချယ်မည်ဖြစ်ကြောင်းလည်း သတိပေးခဲ့သည်။ သူတို့သည် သတိပေးချက်ကို လျစ်လျူရှုခဲ့သော်လည်း ကိုယ်တော်သည် သူတို့ကို မစွန့်ပစ်ခဲ့ကြောင်း သတိပြုပါ။ ဘုရားသခင်က သူတို့အတွက် ရှင်ဘုရင်ကို ရွေးချယ်ပေးကာ၊ ရှင်ဘုရင်ကို ဦးဆောင်ရန် ကြိုးစားခဲ့သည်။ အနာဂတ်ဖြစ်နိုင်ချေအတွက် ပညတ်ချက်များ ချမှတ်ပေးခဲ့သည်။ သို့သော် ထိုသို့ပညတ်ချက်များ ကြိုတင်ပေးထားသော်လည်း ဘုရားသခင်သည် သူတို့အတွက် ရှင်ဘုရင် ပေးလိုသည်ဟု မဆိုလိုကြောင်းသတိရပါ။

ဤသည်ကို ပုံမှန်အားဖြင့် အလိုမရှိသော်လည်း အခြေနေအရ အကောင်းဆုံးဖြစ်စေရန် အလိုလိုက်သော ဘုရားသခင်၏ အလိုတော်ဟုခေါ်သည်။ ကိုယ်တော်သည် ပုံမှန်အားဖြင့် အလို

မရှိသော်လည်း ဖြစ်လာနိုင်သော အဆိုးဆုံးအခြေနေအတွက် ပြင်ဆင်ထားခြင်းဖြစ်သည်။ သားဖြစ်သူကို သား၏လုံခြုံမှုနှင့် အခြားသူများ၏ လုံခြုံမှုအတွက် အမဲလိုက်နည်း သင်ပေးသော ဖခင်နှင့် အတူတူပင်ဖြစ်ပါသည်။ ဤအချက်သည် ဘုရားသခင်၏ ပြီးပြည့်စုံသော အလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဘုရားသခင်၏ ပြီးပြည့်စုံသော အလိုတော် ဥပမာတစ်ခုမှာ ခရစ်တော်ကို မသတ်ဘဲ ကယ်တင်ရှင်အဖြစ် လက်ခံရန်ဖြစ်သည်။ လူသားတို့အနေဖြင့် သတ်မိပါကလည်း ထိုအရာကို အကောင်းဘက်သို့ ပြန်ဖြစ်စေမည့် အစီစဉ်တစ်ခု (သို့) အလိုလိုက်သော အလိုတော် သူ့၌ရှိသေးနေသည်။ ဘုရားသခင်၏ ပြီးပြည့်စုံသော အလိုတော်မှာ တားမြစ်ထားသော အသီးကို မစားရန်ဖြစ်သည်။ ထိုအသီးကို စားပြီးသည့် အချိန်မှစ၍ ဖြစ်လာသောအရာများသည် သူ့နဂိုအလိုတော်မဟုတ်သော်လည်း အခြေနေအရ အကောင်းဆုံးဖြစ်စေရန် (အဆိုးဆုံးကို ကာကွယ်ရန်) အလိုလိုက်ပေးသော အလိုတော်သာဖြစ်ပါသည်။

အောက်ပါအချက်များသည် ရေးဖောင်ဆာ၏ အကောင်းဆုံး ဝက်ဆိုဒ်မှ ရှင်းပြချက်များဖြစ်သည်။ [www.characterofgod.org](http://www.characterofgod.org)

အဦးပိုင်းတွင် ရှိထားနှင့်သော သက်ဦးဆံပိုင်စနစ်နှင့် ဆက်ခံစရာမင်းဆက်လည်း မရှိသေးသည်ဖြစ်၍ ရှင်ဘုရင်သည် မည်သူဖြစ်မည်နည်း။ ဘုရားသခင်သည် သူတို့လိုချင်သော ရှင်ဘုရင်မျိုးကို သိထားသည်ဖြစ်ရာ သူတို့စိတ်နှင့်တွေ့မည့် ရှင်ဘုရင်ကို ရွေးချယ်ပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ရှင်ဘုရင်ကို ရရှိသည့်နေ့၌ပင် သူတို့အလိုရှိသောအရာသည် ကောင်းသောအရာမဟုတ်ကြောင်း ပြန်လည်သတိပေးခဲ့ပါသည်။

"သင်တို့ကို ဒုက္ခဆင်းရဲဘေးဥပဒ်ရှိသမျှတို့အထဲက ကယ်တင်သော သင်တို့၏ ဘုရားသခင်ကို ယနေ့သင်တို့သည် ပယ်ကြပြီ။ အကျွန်ုပ်တို့အပေါ်မှာ ရှင်ဘုရင်ရှိစေခြင်းငှာ ချီးမြှောက်တော်မူပါဟု လျှောက်ကြပြီ။ သို့ဖြစ်၍ အမျိုးအသီးသီး၊ အဆွေအသီးသီးအလိုက် ထာဝရဘုရားရှေ့တော်သို့ ချဉ်းကပ်ကြလော့ဟု ဣသရေလအမျိုးသားတို့အား ဆိုသဖြင့် (ဓမ္မရာဇဝင် ပထမ ၁၀:၁၉)

"သူတို့သည် ပြေး၍ခေါ် ခဲ့ကြ၏။ ရှောလုသည် လူများတို့တွင်ရပ်သောအခါ ပခုံးအထက်မှာ အခြားသူထက် သာ၍အရပ်မြင့်၏။ ရှမွေလအလည်း ထာဝရဘုရား ရွေးချယ်တော်မူ

သောသူကို ကြည့်ကြလော့။ လူခပ်သိမ်းတို့တွင် သူနှင့်တူသောသူ တစ်စုံတစ်ယောက်မျှ မရှိဟု လူအပေါင်းတို့အား ပြောဆိုလျှင်၊ လူအပေါင်းတို့က ရှင်ဘုရင် အသက်တော်မြဲပါစေဟု လျှောက်ကြ၏။ (ဓမ္မရာဇဝင် ပထမ ၁၀:၂၃,၂၄)

ဤကျမ်းပိုဒ်၌ ဘုရားသခင်သည် ရှောလုကို အများတကာထက် အရပ်ရှည်သောကြောင့် ရွေးချယ်သည်ဟု တွေ့ရ၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူတို့စိတ်နှင့် တူသောသူကို ရွေးချယ်ပေးခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ အများထက်ပို၍ အရပ်ရှည်ခြင်းသည် လူတို့အမြင်၌ ထိုက်သန်သူဖြစ်ကြောင်း မြင်နိုင်သော လက္ခဏာတစ်ခုဖြစ်သော်လည်း ဘုရားသခင်တွက်မှု အရေးမကြီးပါ။ ရှောလုသည် ပထမအကြိမ် စစ်အောင်သောအခါ ရှမွေလက ခေါ်ဆောင်၍ ရှောလုသည် သူတို့ရွေးချယ်သော ရှင်ဘုရင်ဖြစ်ကြောင်း ထပ်မံအတည်ပြု ပြောဆိုခဲ့သည်။

"ယခုမှာ သင်တို့လိုချင်၍ ရွေးချယ်သောရှင်ဘုရင်ကို ကြည့်ရှုကြလော့။ ထာဝရဘုရားသည် သင်တို့အပေါ်မှာ ရှင်ဘုရင်ဖြစ်စေခြင်းငှာ ချီးမြှောက်တော်မူ၏။" (ဓမ္မရာဇဝင် ပထမ ၁၂:၁၃)

ရှောလုသည် ဘုရားသခင်၏ ရွေးချယ်မှုမဟုတ်ဘဲ သူတို့ ရွေးချယ်မှုဖြစ်သည်။ ဤသည်မှာ ဘုရားသခင်အနေဖြင့် ဒုတိယအကြိမ် သူတို့ကို လိုက်လျောပေးခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ရှောလုကို ချီးမြှောက်ခဲ့သော်လည်း သူသည် လူမျိုးအပေါင်းတို့၏ အလိုဆန္ဒနှင့်အညီ ရွေးချယ်ခံရသူသာဖြစ်သည်။ ဘုရားသခင်သည် ရှင်ဘုရင်အရာ၌ သူကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်ပါက ဒါဝိဒ်ကဲ့သို့သောလူမျိုးကို ရွေးချယ်ပေလိမ့်မည်။ သို့သော် ဒါဝိဒ်ကဲ့သို့သော လူမျိုးကို ဣသရလလူမျိုးတို့သည် လက်ခံကြလိမ့်မည်မဟုတ်ပါ။ ဣသရေလတို့ အမြင်အရ ရှင်ဘုရင်တစ်ပါး၌ ရှိသင့်ရှိထိုက်သော ရုပ်ရည်မျိုး သူ၌မရှိသောကြောင့်ဖြစ်သည်။

ထို့ပြင် ဣသရေလလူမျိုးတို့၏ ရှင်ဘုရင်တောင်းဆိုခြင်းသည်လည်း အပြစ်ရှိသောအရာဖြစ်သည်။

"လူအပေါင်းတို့က ကိုယ်တော်၏ကျွန်တို့သည် မသေရမည်အကြောင်း ကိုယ်တော်၏ ဘုရားသခင်ထာဝရဘုရာအား၊ ကိုယ်တော့်ကျွန်တို့အဖို့ ဆုတောင်းတော်မူပါ။ အကျွန်ုပ်

တို့သည် ရှင်ဘုရင်ကိုတောင်းသောအားဖြင့် အထက်က အပြစ်များတို့အပေါ်မှာ ထပ်၍ ဒုစရိုက်ကို ပြုမိပါပြီဟု ရှမွေလအား တောင်းပန်ကြ၏။ ရှမွေလကလည်း မစိုးရိမ်ကြနှင့်။ ဤဒုစရိုက်အပေါင်းကို ပြုမိသော်လည်း ထာဝရဘုရားနောက်တော်သို့ လိုက်ရာမှ မလွှဲကြနှင့်။ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဝတ်ပြုကြလော့။
(ပထမ ဓမ္မရာဇဝင် ၁၂: ၁၉-၂၀)

ဣသရေလတို့သည် ဆိုးယုတ်စွာ ပြုမူကြသော်လည်း ဘုရားသခင်ထံမှ လုံးလုံးလျားလျား ထွက်မသွားကြပါ။ သူတို့ရွေးချယ်မှုများကို ခွင့်လွှတ်လျက် ဘုရားသခင်ကလည်း သူတို့နှင့် အတူ ဆက်လက် အလုပ်လုပ်တော်မူ၏။ ဘုရားသခင်၏ ကရုဏာတော်သည် အလွန်ကြီးကြီးမြတ်လှပေသည်။ ရှောလု အလုပ်မဖြစ်တော့သောအခါ ဘုရားသခင်က သူတို့၏ မင်းဆက်ကို ဆက်လက်ခွင့်ပြုခဲ့သော်လည်း ဒုတိယရှင်ဘုရင်ကို သူကိုယ်တိုင် ရွေးချယ်တော်မူခဲ့ပါသည်။ ဣသရေလတို့၏ ပထမရှင်ဘုရင်ရွေးချယ်မှု မအောင်မြင်ခြင်းက သူတို့ကို စိတ်နှိမ့်ချစေလျက် ဘုရားသခင်၏ စိတ်နှလုံးတော်နှင့် သာ၍နီးစပ်သော ရှင်ဘုရင်ကို လက်ခံခဲ့ကြသည်။

"ယခုမူကား သင်၏အာဏာမတည်ရ။ ထာဝရဘုရားသည် စိတ်နှလုံးတော်နှင့် ညီညွတ်သောသူကို ရှာတော်မူ၏။ ထိုသူသည် လူမျိုးတော်အပေါ်မှာ မင်းဖြစ်စေခြင်းငှာ၊ ထာဝရဘုရား မိန့်တော်မူပြီ။ အကြောင်းမူကားသင်သည် ထာဝရဘုရားမှာထားတော်မူသည် အတိုင်းမကျင့်ဟု ရှောလုအားဆိုပြီးလျှင်" (ပထမဓမ္မရာဇဝင် ၁၃:၁၄)

ဘုရားသခင်က သူတို့အလိုအဆန္ဒကို မထောက်ခံသော်လည်း သူတို့ရွေးချယ်မှုအတိုင်း သူတို့နှင့်အတူ အလုပ်လုပ်တော်မူ၏။ ဘုရားသခင်သည် ဣသရေလတို့ ရှင်ဘုရင်လိုချင်သောဆန္ဒကို မထောက်ခံသော်လည်း သူတို့ဆန္ဒကို လိုက်လျောပေးခဲ့ပါသည်။ သူတို့ရွေးချယ်မှုက သူတို့ကို မည်သို့ဦးဆောင်ခဲ့သနည်း။ အစတွင် သူတို့ရှင်ဘုရင်သည် ဘုရားသခင်ဖြစ်၏။

"ရှင်ဘုရင်သည် အကျွန်ုပ်တို့ကို အုပ်စိုးရမည်ဟု သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ရှင်ဘုရင်လုပ်လျက်ပင် ငါ့အားလျှောက်ထားကြ၏" (ပထမ ဓမ္မရာဇဝင် ၁၂:၁၂)

အဆိုးဆုံးမှာ ဣသရေလလူမျိုးတို့သည် သူတို့၏ရှင်ဘုရင် ခရစ်တော်ဘုရားကိုပင် ငြင်းပယ်ကြတော့မည်ဖြစ်သည်။

> "ထိုသူကို ထုတ်ပါ။ ထုတ်ပါ။ လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါဟု လူများဟစ်ကြော်ကြ၏။...အကျွန်ုပ်တို့၌ ကဲသာဘုရင်မှတစ်ပါး အဘယ်ရှင်ဘုရင်မျှမရှိဟု ပြန်ပြောကြ၏။" (ရှင်ယောဟန် ခရစ်ဝင် ၁၉:၁၅)

htpps://characterofgod.org/gods-accommodation-for-man/

လူသားတို့၏အခြေနေ၊ သူတို့၏ရွေးချယ်မှုများသည် ဘုရားသခင်၏အလိုတော်နှင့် မကိုက်ညီသော်လည်း သူတို့နှင့်အတူ အလုပ်လုပ်တော်မူသည့် နည်းဥပဒေသသည် ဘုရားသခင်၏ အလိုလိုက်ခြင်း အလိုတော်ဟု ခေါ်ပါသည်။ ဤစာတစ်လျှောက်တွင် ဘုရားသခင် မည်သို့အလုပ်လုပ်တော်မူသည်ကို ကျွန်ုပ်တို့ မြင်နိုင်သည်။ အကယ်၍ အစတွင် ဒါဝိဒ်ကိုသာ ဘုရားသခင် ရွေးချယ်ပါက သူတို့လက်ခံကြလိမ့်မည် မဟုတ်ပါ။ သူတို့သည် ရှောလုကိုပင် ခက်ခက်ခဲခဲ လက်ခံကြခြင်းဖြစ်သည်။ အကယ်၍ ဘုရားသခင်သာ သူတို့ သဘောတစ်ခုတည်းဖြင့် ရှင်ဘုရင်ရွေးချယ်ခွင့်ပေးပါက ကြီးမားသော ပြည်တွင်းစစ် ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့ယုံကြည်ခြင်း လက်ခံနိုင်သည့်အတိုင်းတာအတိုင်း တတ်နိုင်သလောက် အကောင်းဆုံး ပြုတော်မူခဲ့ပါသည်။ သူသည် ရှောလုကို ကျဆုံးစေရန်ကြိုတင်မသတ်မှတ်ထားပါ။ ရှင်ဘုရင်တစ်ပါး ဆောင်ရွက်ရမည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် သူ့ဝိညာဉ်တော်ဖြင့် ပြည့်ဝစွာ ပြင်ဆင်ပေးခဲ့ပါသည်။ ရှောလုကျဆုံးသောအခါ ဘုရားသခင်က တစ်မျိုးသားလုံးကို သူတို့၏ရွေးချယ်မှု ကျဆုံးကြောင်း ဆင်ခြင်နိုင်စေရန် အခွင့်ရေးအဖြစ် အသုံးချတော်မူခဲ့ပါသည်။ သို့သော်လည်း အပြစ်ပွားများသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ (ရောမ ၅:၂၀) ကြောင်း သူတို့သိတတ်ဖို့ သင့်ပါသည်။ ဘုရားသခင်က ဤသင်ခန်းစာများကို နောင်လာနောက်သားတို့သည် သင်ယူလျက်၊ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိကောင်းမြတ်သည်ဟု မာန်မာနမထားဘဲ၊ သူတို့ကိုနေရာတွင် ဝင်ကြည့်လျက်၊ သူတို့အမှားများမှ သင်ခန်းစာယူတတ်စေလိုပါသည်။

“ဣသရေလအမျိုးသားအပေါင်းတို့သည် တစ်နိုင်ငံလုံး ဘုရားသခင်ကို ကျောခိုင်းခဲ့ကြသည်။ သို့သော်လည်း ထိုအထဲမှ သူတို့ကို ဝန်းရံထားသော မကောင်းမှုများ၏ လွှမ်းမိုးမှုကို ပြတ်ပြတ်သားသား ဆန့်ကျင်လျက် ယေဟောဝါဘုရားထံ သစ္စာစောင့်သိသော ကျန်ကြွင်းသူများ ရှိနေပါသေးသည်။ ထိုသူများသည် ရဲစွမ်းသတ္တိနှင့် ဘုရားတရားရှိမှု၌ အစဉ်အမြဲ တိုးပွားလျက်ရှိကြသည်။ သူတို့ ညီအစ်ကိုများ၏ ဖောက်ပြန်မှုများကို တွေ့ရသည့်အခါ ကိုယ်တော်၌ သာ၍မြဲမြံစွာ တွယ်ကပ်ထားကြသည်။ ဆန့်ကျင်တိုက်ခိုက်မှုများကြုံရသည့်အခါ သူတို့ ယုံကြည်ခြင်းသည် သာ၍ ခိုင်မာလာကြသည်။

(STJune9,1881, par. 4)

“သူတစ်ပါးအား သင်တို့ စစ်ကြောစီရင်သကဲ့သို့ ဘုရားသခင်သည် သင်တို့အား စစ်ကြောစီရင်တော်မူမည်။ သူတစ်ပါးတို့အား စီရင်ရာတွင် သင်တို့အသုံးပြုသည့် နည်းအတိုင်း သင်တို့အား စီရင်တော်မူမည်။ (မဿဲ ၇:၂)

## ဘုရားသခင်၏ ကျေးဇူးတော် ကြီးမားသည်ဖြစ်၍ ဆက်၍အပြစ်လုပ်ကြမလား။

ကျွန်တော့်အပေါ်အထင်မမှားစေလိုပါ။ ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်လျက်ပင် အမှုတော်ဆောင်မည်ဟု ဘယ်သောအခါမျှ ကျွန်တော်တို့ မတွေးသင့်ပါ။ ဘုရားသခင်၏ မေတ္တာ၊ ကရုဏာတော်သည် အရာအားလုံးကို အောင်နိုင်သည်ဖြစ်၍ ယခုအပြစ်လုပ်လည်း နောက်ပြန်၍ နောတရလျှင် အဆင်ပြေပါသည်ဟု ဒါဝိဒ်၊ ရှောလမုန်၊ ရှံဆုန်တို့ကဲ့သို့ အပြစ်သွေးဆောင်ခံမိရန် အလွန်လွယ်ကူပါသည်။ ဤအတွေးကို ရှင်ပေါလုက

“သို့ဖြစ်လျှင် အဘယ်သို့ဆိုရမည်နည်း။ ဘုရားသခင်၏ကျေးဇူးတော်ကို ပိုမိုခံစားရစေရန်၊ အပြစ်ထဲ၌ ဆက်လက်၍ ကျင်လည်ရမည်လော။ ထိုသို့မဆိုလိုပါ။ အပြစ်ဒုစရိုက်နှင့် လုံးဝအဆက်ဖြတ်ပြီးသော ငါတို့သည် အဘယ်ကြောင့် အပြစ်ထဲ၌ ပြန်၍ ကျင်လည်ရကြပါမည်နည်း။” (ရောမ ၆:၁-၂)

ဘုရားသခင့်လူများပြုခဲ့သော အမှားများကို မိမိကိုယ်မိမိ ကာကွယ်ရန် အသုံးချခြင်းသည် မိမိကိုယ်မိမိ လိမ်လည်ခြင်းပင်ဖြစ်ပါသည်။ ထိုအပြစ်များ၏ အကျိုးဆက်ကြောင့် သူတို့ ခံစားခဲ့ရသော ဝေဒနာများကို ကျွန်တော်တို့ မေ့လျော့ချင်တတ်ကြသည်။ “သင်တို့သည် အယူဆမလွဲမှားကြနှင့်။ ဘုရားသခင်အား အဘယ်သူမျှ လိမ်လည်၍မရ။ လူသည် မိမိမျိုးကြဲသည်အတိုင်း အသီးအနှံကို ရိတ်သိမ်းရလိမ့်မည်။” (ဂလတိ ၆:၇) ဤကျမ်းချက်သည် ကျမ်းစာထဲမှ ကျွန်ုပ်တို့ သင်ယူရမည့် အရေးကြီးဆုံးသော သင်ခန်းစာများထဲမှ တစ်ခုဖြစ်ပါသည်။

အပြစ်တရားသည် လိမ်လည်တတ်သည်။ ကျွန်တော်တို့သည် ကျွန်ုပ်တို့၏ အသက်ဝိညာဉ်ကို စွန့်စားကာ အပြစ်တရားနှင့် ကစားချင်တတ်ကြသည်။ လူတိုင်း နောင်တရနိုင်သည် မဟုတ်ပါ။ ဤကွဲပြားခြားနားချက်ကို ပေတရုနှင့် ယုဒရှကာရုတ်၏ အသက်တာထဲတွင် တွေ့ရပါသည်။ ခရစ်တော်ကို သစ္စာဖောက်၍ ပေတရုကဲ့သို့ နောင်တရကာ အပြစ်လွတ်ခြင်းခံယူမည်ဟုသာ မမှတ်ယူသင့်ပါ။ ယုဒရှကာရှတ်ကဲ့သို့လည်း ဖြစ်သွားနိုင်ပါသည်။

အချို့က ရည်ရွယ်ချက်ကောင်းနေသ၍ တရားမဝင်သောအရာများကိုလည်း လုပ်ခွင့်ရှိသည်ဟု သင်ပေးတတ်ကြသည်။ အဆုံးမှာ အကောင်းဖြစ်ရင်လျှင် ပြီးတာပဲဟု ယနေ့ ပြောဆိုနေကြသည်။ ဤခံယူချက်သည် လေးရာစုက အသင်းတော်ဖခင်များ ပြန့်ပွားစေသော အယူဆတစ်ခု ဖြစ်ပါသည်။ ခရစ်ယာန်အသိုင်းဝိုင်းကို နက်နဲသော ဖောက်ပြန်ဆုတ်ယုတ်ခြင်းသို့ နှစ်မြုပ်စေသည့် အဓိကအကြောင်းရင်းတစ်ခု လည်းဖြစ်ပါသည်။

> “ထို**လိုင်စင်**အကြောင်း ပြောဆိုခြင်းသည် အဘယ်မျှလောက်ထိမိုက်မဲရာကျကြောင်း လူတွေ မသိခဲ့ချေ။ လေးရာစု၏ အထင်ရှားဆုံးသော ခရစ်ယာန်ဘုန်းကြီးတို့သည် ရေလိုက်ငါးလိုက်နေလိုသောအခါ သူတို့ သဘောထားများကို ဆန်းပြားသောအသုံးနှုန်းများဖြင့် ကိုယ့်ကိုယ်ကိုယ်အခွင့်ပေးရန် ထိုလိုင်စင်ကို သုံးကြသည်။ ပြင်းထန်သော ငြင်းခုံမှုများအကြား အမှန်တရားကို လက်တစ်လုံးခြားလုပ်လိုသောအခါ ထိုလိုင်စင်ကို အသုံးချကြသည်။ ခေတ်ရိုးရာဓလေ့များ၊ ခေတ်အကြိုက်လိုက်လို၍ ချဲ့ကားပြောဆို၊ အလွန်အကျူးတင်စား၍ စကားကြီးစကားကျယ်ပြောကြသည့်အခါ ထိုလိုင်စင်ဖြင့် သူတို့ကိုယ်သူတို့ တရားဝင် အခွင့်ရေးပေးကြသည်။

ထိုအဓိပ္ပာယ်မရှိသောအယူဆကို “Falsitas dispensativa,” (လိမ်လည်ခြင်းစီမံခန့်ခွဲမှု) သို့မဟုတ် အမှန်တရားကို **ဖုံးကွယ်ခွင့် လိုင်စင်၊** (သို့) အခြေနေအရ လိမ်လည်မှုကို အသုံးပြုခြင်းဟု တရားဝင် ခေါ်ဆိုနေကြသည်။ ထိုအယူဆကို ရှေးခရစ်ယာန် သီအိုလိုဂျီသမားများကို ကြည်ညိုသူတို့က ပွင့်လင်းစွာ လက်ခံလိုက်နာခဲ့ကြသည်။ လူ့စိတ်သည် လိမ်လည်မှုကို အရူအမူး စိတ်တက်ကြွမှုဖြင့်၊ ယုံကြည်လိုသော သဘောရှိကြောင်းပြနေသော သက်သေဖြစ်သည်။

ဂျေရုမ်းနှင့်သူဖော်များအား “လေးရာစု၏ အသင်းတော်” ကို ပုံဖော် တည်ဆောက်စေခဲ့သောအရာသည် ထိုလိမ်လည်ခြင်း စီမံခန့်ခွဲမှုဖြစ်သည်။ “တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော အလွန်သန့်ရှင်းသော ဘုရားသခင်၏ဗိမာန်တော်တိုက်မြစ်ပေါ်၌”ဟူသော ကျမ်းချက်နှင့် လုံးဝဆန့်ကျင်ပါသည်။

(Vigilantius and His Times, W.S. Gilly, 1844)

ဤအယူဆကို “တန်ပြန်ပြုပြင်ပြောင်းလဲရေး”၏ အဦးဆုံး လိုက်နာရမည့်အမိန့်အဖြစ် ဘရင်ဂျီဘာသာရေး ဂိုဏ်းဝင်များက တိတ်တဆိတ် ခံယူ၊ကျင့်သုံးခဲ့ကြသည်။ သူတို့က “စိတ်နှလုံး၏ သီးသန့်နေရာ” သို့ “လိုအပ်သောလိမ်လည်မှု” ဟု အမည်တပ်ကြသည်။ အဓိပ္ပာယ်နှစ်ခွပြောခြင်း ဟုလည်းခေါ်ကြသည်။ ဤအတွေးခေါ်ကို ကျွန်တော်တို့ သတိထားရမည်။ မှန်ကန်မှုမရှိဘဲ အကျိုးရှိသောကြောင့် လိုက်လုပ်ကျင့်သုံးတတ်သည့် အကျင့်မျိုးသည် ကျွန်ုပ်တို့အတွက် အကျင့်ဖြစ်လာတတ်သည်။ အကျင့်ဖြစ်လာ၍ အပြစ်ကို အပြစ်ဟု ကျွန်တော်တို့ မမြင်တော့သည့် အခြေနေသည် အလွန်ကြောက်စရာ ကောင်းသောအခြေနေဖြစ်သည်။

ကျမ်းစာထဲမှ မှားယွင်းစွာ သင်ခန်းစာမယူမိစေရန် အလွန်အရေးကြီးပါသည်။ “ဘုရားသခင် ၏ အလိုလိုက်ခြင်း” ဟူသော နည်းဥပဒေသကို ရှင်းပြရာတွင် အပြစ်ရှိသော လူသားအပေါ် ဘုရားသခင်၏ ကရုဏာတော်ကို မြင်စေလိုပါသည်။ လူသားများ အပြစ်ပြုသည်ကို ဘုရား သခင်ခွင့်ပြုသည်ဟု တလွဲ အယူမလွဲစေလိုပါ။ ဘုရားသခင်က နောက်ဆုံးသောကာလ၌ သူ ၏လူများအပေါ် ပြောမည့် စကားတော်ကို အမှတ်ရကြပါစို့။ “အပြစ်နှင့်ကင်းလွတ်ကြသည်ဖြစ်၍ သူတို့နှုတ်၌ မုသားမရှိ။” ဗျာဒိတ် ၁၄:၅

## ရှံဆုန်၏ မှားယွင်းသော အိမ်ထောင်နှင့် ဖိလိတ္တိလူတို့၏ စိတ်နေသဘောထား

ရှံဆုန်၏အသက်တာထဲတွင် ဘုရားသခင်၏ အလိုလိုက်ခြင်း နည်းဥပဒေသကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ သူသည် ဘုရားသခင် ခေါ်တော်မူသောသူဖြစ်သည်။ သူသည်သန့်ရှင်း သူဖြစ်လာ၍ ဖိလိတ္တိ လူတို့လက်မှ ဣသရေလအမျိုးတို့ကို ကယ်နုတ်စေရန် ဘုရားသခင်၏ ခေါ်တော်မူခြင်း ခံရသူဖြစ်သည်။ (တရားသူကြီး ၁၃:၅) ဘုရားသခင်သည် ဖိလိတ္တိအမျိုးသ မီးကို လုံးဝ လက်မထပ်စေလိုပါ။ ထို့ကြောင့် ရှံဆုန်သည် ဖိလိတ္တိအမျိုးသမီးကို လက်ထပ်ခဲ့ သောအခါ ဘုရားသခင်သည် သူ့ကိုစွန့်ပစ်၍ ကတိတော်ကို ရုတ်သိမ်းခဲ့ပါသလား။ ရုတ်သိမ်း ခြင်း မပြုခဲ့ပါ။ ဘုရားသခင်သည် သူမှားလျက်ပင် သူနှင့်အတူအလုပ်လုပ်၍ သူ့ထံပြန်လာ ရန် ကြိုးစားလျက် အစဉ်သွန်သင်ခဲ့ပါသည်။ သို့သော် ယခုအခါတွင် ကျွန်ုပ်တို့သည် ဘုရား သခင်၏ ပြီးပြည့်စုံသည့် အလိုတော်မဟုတ်ဘဲ သဘောမတွေ့သော်လည်း အဆိုးထဲမှ အ ကောင်းဆုံးဖြစ်စေလိုသည့် အလိုတော်၌ အသင်ရှင်နေကြခြင်းဖြစ်သည်။ ရှံဆုန်သည် မယုံ ကြည်သူများနှင့် လက်ထပ်ခဲ့သော်လည်း ဘုရားသခင်သည် သူနှင့်အတူ အလုပ်လုပ်တော်မူ ခဲ့သည်။ ထို့ကြောင့် ငါတို့လည်း မယုံကြည်သူများနှင့် လက်ထပ်၍ရသည်ဟု မယူဆသင့်ပါ။ အကယ်၍ ရှံဆုန်သာ ယုံကြည်သူတစ်ဦးနှင့် လက်ထပ်ခဲ့ပါက သူနှင့်အခြားသူများ ခံစားခဲ့ရ သော နာကျင်မှုဝေဒနာများ လျော့နည်းသွားစေရန် ပိုမိုကောင်းမွန်သော နည်းလမ်းဖြင့် ကိုယ် တော် အလုပ်လုပ်ခဲ့လိမ့်မည်။ ဘုရားသခင်၏ ပြီးပြည့်စုံသော အလို၌ အသက်ရှင်ခြင်းသည် အဆိုးထဲမှ အကောင်းဆုံးပြန်ဖြစ်စေသော အလိုလိုက်ခြင်း အလိုတော်၌ အသက်ရှင်ခြင်း ထက်သာ၍ ကောင်းပါသည်။

အကယ်၍ ရှံဆုန်သည် ဘုရားသခင်၏ စကားတော်ကို သူ့မိဘများကဲ့သို့ သစ္စာရှိစွာ နား ထောင်ခဲ့ပါလျှင် သူ့ကံကြမ္မာသည် ပို၍မြင့်မြတ်၊ ပျော်ရွှင်စရာကောင်းမည်ဖြစ်ပါသည်။

ထို့ကြောင့် ထိုသို့သောအချိန်များတွင် သူသည် အခြားသူများထက် ဘုရားသခင်၏အလို တော်၌ လုံးလုံးလျားလျား အပ်နှံသင့်ပါသည်။ သူသည် ဘုရားသခင်ပေးထားသော တာ ဝန်ကို အကောင်ထည်ဖော်ရမည့် လူကြီးအရွယ်သို့ ရောက်လာဖြစ်သည်။ ဤကဲ့သို့ သူ့ ဘဝ၏ အရေးကြီးသောအချိန်တွင် သွေးဆောင်ခြင်း အလိုသို့လိုက်ကာ မဆင်မခြင် လက်ထပ်ခြင်းဖြင့် ဘုရားသခင်၏ ရန်သူများနှင့် ပူပေါင်းမိသည့် အခြေနေသို့ သူ့ကိုယ်

သူ ထားခဲ့မိသည်။ အရေးကြီးသော ခြေလှမ်းကို ကောင်းစွာသတိမပြုခဲ့မိချေ။ သူ့စိတ်ကူးအတိုင်း ပြုမူခြင်းသည် ဘုရားသခင်၏ ဘုန်းတော်ကို ငါသာ၍ ထင်ရှားစေသလော။ (ဝါ) ငါ့အသက်တာဖြင့် အကောင်ထည်ဖော်ရမည့် ရည်ရွယ်ချက်ကို အပဟန့်အတားဖြစ်စေမည့် အနေထားသို့ မိမိကိုယ်မိမိ ထားမိလေသလားဟုပင် သူ့ကိုယ်သူ မမေးမိခဲ့ပါ။ သူ့ကို ပထမဦးစားပေး၍ ရှိသေသောသူအားလုံးတို့ကို ဘုရားသခင်က ဉာဏ်ပညာပေးမည်ဟု ကတိထားခဲ့ပါသည်။ သို့သော် မိမိအလိုဆန္ဒတစ်ခုတည်းကိုသာ ဖြည့်ဆည်းလိုသူများအတွက် ဘုရားသခင် မည်သည့်ကတိမျှ မပေးခဲ့ပါ။ (ST Oct 6, 1881)

ဘုရားသခင်၏ စာရိတ္တတော်ကို နားမလည်လိုဘဲ ငြင်းပယ်လျှက်၊ ဘုရားသခင်ကို စစ်မက်လိုလားသော ဘုရားအဖြစ်သာ လက်ခံလိုသောအခြေနေမျိုး၌ သူတို့ ပိတ်မိနေကြကြောင်း သတိရပါ။ သူတို့အတွက် ကယ်တင်ခြင်းသည် စစ်ပွဲမှ ကယ်တင်ခြင်းသာဖြစ်သည်။ နတ်ဘုရားများ၏ တန်ခိုးစွမ်းအားကို ကိုးကွယ်နေကြသည့် မယုံကြည်သူများကလည်း ကယ်တင်ခြင်းကို ထိုသို့သာ နားလည်ထားကြသည်။ ဘုရားတို့၏ စာရိတ္တကောင်းမြတ်မှုကြောင့် ကိုးကွယ်ခြင်းမျိုးမရှိပါ။

တရားသူကြီးမှတ်စာနှင့် ဓမ္မဟောင်းကျမ်း အများစု၌ ယေဟောဝါဘုရား၏ ကောင်းမြတ်မှုအကြောင်း၊ ကယ်တင်ခြင်း စီမံကိန်းအကြောင်းကို ဣသရေလတို့ ဝေမျှသက်သေခံခြင်းမျိုး မရှိသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ ဘုရားသခင်၏ ကောင်းမြတ်မှု ကရုဏာတော်ကို လက်တွေ့ခံစားသည့် အချိန်များတွင်လည်း သူတို့သည် အာဗြဟံ၏ သားများဖြစ်သောကြောင့် မိမိတို့ မွေးရာပါ အခွင့်ရေးသဖွယ် မှတ်ယူကြပြန်သည်။ ရှံဆုန်ကလည်း ဖိလိတ္တိလူတို့ကို စစ်မှန်သော တစ်ပါးတည်းသောဘုရားသခင်ဘက်သို့ လှည့်စေမည်ဟူသော အတွေးမျိုး မတွေးခဲ့ပါ။ ဤသည်မှာ သူတို့၏ စိတ်နေသဘောထားဖြစ်သည်။ သို့သော် ဘုရားသခင်ကလည်း ကျွန်ုပ်တို့အနေဖြင့် နေထိုင်သည့် ပတ်ဝန်းကျင်၊ ရိုးရာဓလေ့၊ ရာဇဝင်များ၏ အထက်သို့ ကျော်၍ မြော်မြင်နိုင်ရန် မလွယ်ကူကြောင်း သိတော်မူသည်။ ထို့ကြောင့် သူ၏ ကျရှုံးမှုများကို မမှတ်ယူဘဲ၊ ရှံဆုန်ကို ယုံကြည်ခြင်းသူရဲကောင်းတစ်ဦးအဖြစ် ဟေဗြဲ ၁၁ ၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ထိုအချိန်၌ ရှံဆုန်၏ ဆုံးဖြတ်ချက်ကြောင့် ဣသရေလလူတို့ ခံစားခဲ့ရကြသော ဝေဒနာများ၊ ဝမ်းနည်းမှုများကို သတိပြုကြည့်ပါ။ အနည်းဆုံးတော့ သူ့ပြည်သူပြည်သား အများစုကဲ့သို့ မဟုတ်ဘဲ ဖိလိတ္တိ လူများကို ဆန့်ကျင်ရဲသော သတ္တိ ရှံဆုန်၌ ရှိပါသည်။

ဘုရားသခင်၏ ပညတ်ချက်ကို ချိုးဖောက်၍ ရှံဆုန်ယူခဲ့သည့် ဇနီးသည်က မင်္ဂလာစား သောက်ပွဲမပြီးမီ သူ့ကို သစ္စာဖောက်ခဲ့သည်။ သစ္စာဖောက်ရန် ခြိမ်းခြောက်ခဲ့သူများ၏ လက်ချက်ဖြင့်ပင် သူမသည် အသက်ဆုံးခဲ့သည်။ ရှံဆုန်က သူ၏ အဆမတန်ကြီးမား သောခွန်အားကို ရရှိပြီးဖြစ်ကြောင်း လက်ဗလာဖြင့် ခြင်္သေ့ပျိုကို သတ်နိုင်ခြင်း၊ အာရှ ကေလုန်မြို့သား သုံးဆယ်ကို သတ်နိုင်ခြင်းတို့ကြောင့် သိထားပြီဖြစ်သည်။ ယခုတွင် သူ သည် သူ့ဇနီးကို သတ်ခဲ့သော ရိုင်းစိုင်းသူများထံ အမျက်ကြီးစွာဖြင့် သွားကာ ဖိလိတ္တိ လူ တို့ကို ကြီးစွာတိုက်ခိုက်၊ ရိုက်ပုတ်၊ သတ်ဖြတ်ခဲ့သည်။ ထိုနောက် ဖိလိတ္တိတိုင်းပြည်မှ လုံ ခြုံစွာ လှည့်ပြန်လိုသော်၊ **မိမိ၏ ပြည်သူပြည်သားများကိုလည်း မယုံကြည်သည်ဖြစ်၍** ဧလံဟုခေါ်သော ယုဒအမျိုးများနေရာ ကျောက်တုံးကြီး၌ တစ်ယောက်ထဲ နေရစ်ခဲ့သည်။

ထိုရောတွင် သူ့ကို ဖိလိတ္တိလူအုံတစ်ခဲက လိုက်လာခဲ့ကြ၏။ ထိုသူတို့ ရောက်လာသော အခါ ယုဒအမျိုးတိုသည် ကြီးစွာကြောက်ရွံ့တုန်လှုပ်ခဲ့ကြသည်။ **သူတို့လာရောက်ကျူး ကျော်ရခြင်းမှာ၊ ရှံဆုန်ကို ဖမ်းလို၍ ဖြစ်ကြောင်း သိသောအခါ သူတို့သည် ရှံဆုန်ကို ရန် သူများထံ စေလွှတ်ရန် ယုတ်ညံ့စွာ သဘောတူခဲ့ကြသည်။ ထိုသို့ပြုခြင်းဖြင့် သူတို့သည် ဖိလိတ္တိ လူတို့၏ မျက်နှာသာကိုရရန် မျှော်လင့်လျက် သူတို့ခံရမည့် ညှင်းပမ်းနှိပ်စက်မှု များ လျော့ပါးစေရန် မျှော်လင့်ခဲ့ကြသည်။** ထို့ကြောင့် ယုဒအမျိုးသား သုံးထောင်သည် ရဲရင့်သော စစ်သည်တော်ကို ဖမ်းရန် သွားခဲ့ကြတော့၏။ သို့သော်လည်း သူတို့က ရှံဆုန် သည် သူ့လူမျိုးများကို ပြန်၍ အန္တရာယ်ပြုမည်မဟုတ်ကြောင်း သေချာသည်ဟု သူတို့ယူဆ သောကြောင့်သာ ထို့သို့သွားရဲခြင်း ဖြစ်သည်။ သူတို့က တိုက်ခိုက်မည် မဟုတ်ကြောင်း ကတိပေးသောကြောင့် ရှံဆုန်သည် မိမိကိုချုပ်နှောင်ထား၍ ဖိလိတ္တိ လူများထံ ပို့စေခြင်း ငှာ သဘောတူခဲ့သည်။ ထိုနောက် ရန်သူများကို ဖျက်ဆီးပစ်ရန်လည်း သူ့ကို စည်းရုံးထား ကြသည်။ မိမိကို ကြိုးအသစ်နှစ်ချောင်းဖြင့် တုတ်နှောင်စေပြီး၊ ဖိလိတ္တိ လူများထံ ပို့ရန် ရှံဆုန် သဘောတူခဲ့သည်။ ဣသရေလတို့သာ ရှံဆုန်နှင့် ပူးပေါင်း၍ ရရှိထားသော အောင်

မြင်မှုကို ဆက်လက်သိမ်းထားပါက ထိုအချိန်တွင် ဖိလိတ္တိ လူတို့လက်မှ၊ သူတို့ကိုယ်သူတို့ ကယ်တင်နိုင်ကြမည်ဖြစ်သည်။ သို့သော် သူတို့သည် အားနည်းလျက် စိတ်ဓာတ်ကျခဲ့ကြသည်။ သူတို့သည် ဘုရားသခင် မိန့်တော်မူသည်အတိုင်း လုံ့လဝီရိယထုတ်လျက် တိတိကျကျ ရဲစွမ်းသတ္တိဖြင့် လုပ်ဆောင်ရမည်အရာကို ယုတ်ညံ့စွာ လျစ်လျူရှုခဲ့ကြသည်။ လွဲမှားသော အယူဝါဒများကို လက်လွတ်စွန့်ပစ်မည့်အစား၊ မိမိတို့ကို ပျက်စီးယိုယွင်းစေသောကျင့်ထုံးများကို မယုံကြည်သူများနှင့်အတူ ကျင့်ကြံသည်သာမက သူတို့၏ ရက်စက်ကြမ်းကြုတ်မှုများကို သည်းခံခဲ့ရကြသည်။ မိမိတို့ကို တိုက်ရိုက်မတိုက်ခိုက်သေးသရွေ့ သူတို့၏ မတရားမှုများကိုပင် လက်သင့်ခံခဲ့ကြသည်။ အဆုံး၌ အာဏာရှင်ကို အောင်နိုင်သောအခါတွင်လည်း ဣသရေလတို့သည် ဘုရားသခင်၏စကားကို နားထောင်ခဲ့ပါက လွတ်မြောက်နိုင်မည့် ဆင်းရဲမွေတေမှုအောက်၌ ကျရောက်ပြန်သည်။ ကိုယ်တော်သည် သူတို့အတွက် ကယ်တင်ရှင် စေလွှတ်လျှင်လည်း သူတို့သည် ထိုသူကို ပြန်လည်ဖြေရှင်းရမည့် ပြဿနာများနှင့် မကြာခဏ စွန့်ပစ်ထားတတ်ကြသည်။ ဣသရေလတို့သည် သူတို့ကို အရက်စက်ဆုံး ဖိနှိပ်ချုပ်ချယ်သူများနှင့် ပူပေါင်းတတ်ကြသေးသည်။ (ST October 6, 1881)

ရှံဆုန်၏ မယုံကြည်သူနှင့် လက်ထပ်ခြင်း၏ ကြောက်စရာကောင်းသောအကျိုးဆက်မှာ လူမြောက်များစွာ၏ နာကျင်မှု၊ သေဆုံးမှုများဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ မည်သည့်အတိုင်းတာအထိ ဣသရေလတို့ ကျဆုံးခဲ့ကြောင်း ကျွန်တော်တို့ တွေ့နိုင်သည်။ သူတို့သည် ဖိလိတ္တိလူတို့လက်၌ ကျွန်အဖြစ် အရှုံးပေးလက်လျှော့ကာ သူတို့ခံရသော ဖိနှိပ်ချုပ်ချယ်မှုများ လျော့ပါးရေးကိုသာ မျှော်လင့်ခဲ့ကြသည်။ ဘုရားသခင် ကယ်လွှတ်တော်မူမည်ဖြစ်ကြောင်း သူတို့ လုံးဝမယုံကြည်နိုင်တော့ဘဲ၊ ရှံဆုန်ကဲ့သို့သော စစ်သူရဲကောင်းတစ်ဦး သူတို့အလယ်၌ ရှိနေလျက်ပင် သူနှင့်အတူ တိုက်ရန်၊ ပူပေါင်းရန်ကိုပင် မတွေးနိုင်ကြတော့ပါ။ သူတို့အလိုဆန္ဒအတိုင်း ကယ်တင်ရှင်ကို ဘုရားသခင် ပေးခဲ့သော်လည်း ငြင်းပယ်ခဲ့ကြပြန်သည်။ ခရစ်တော်နှင့်တူသောကယ်တင်ရှင်ကိုသာ ပေးခဲ့ပါက ပို၍ဆန့်ကျင်ခဲ့ကြလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချီးမြောက်နိုင်ရန် ကျွန်ုပ်တို့၏ အဆင့်သို့တိုင်အောင် မိမိကိုယ်မိမိ နှိမ့်ချတော်မူခဲ့သည်။ ကိုယ်တော်သည် အဆင့်ဆင့် တည်ဆောက်၍ရမည့် အနည်းငယ်သော ယုံ

ကြည်ခြင်းကို ရှာတွေ့ရန် မျှော်လင့်ခဲ့သော်လည်း သူ၏မျှော်လင့်ချက်ကို လက်ခံမည့်သူ ရှားလှပါသည်။

## လူတစ်ထောင်ကို မေးရိုးဖြင့် ရှံဆုန် ရိုက်သတ်ခြင်း

> "လေဟိအရပ်သို့ရောက်သောအခါ၊ ဖိလိတ္တိ လူတို့သည် ကြွေးကြော်ကြ၏။ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သက်ရောက်သဖြင့်၊ သူ့လက်၌ချီသောကြိုးတို့သည် မီးထိသောပိုက်ဆန်ရိုးကဲ့သို့ဖြစ်၍ အချည်အနှောင်ကျွတ်လေ၏။ သူသည်လည်း မြည်းမေးရိုးလတ်လတ်ကိုတွေ့၍ ကိုင်ယူပြီးလျှင် လူတစ်ထောင်တို့ကို သတ်လေ၏။ သတ်ပြီးလျှင် မြည်းမေးရိုးဖြင့် အပုံပုံ၊ မြည်းမေးရိုးဖြင့် လူတစ်ထောင်ကို ငါသတ်လေပြီဟုဆိုသောနောက်၊" တရားသူကြီးမှတ်စာ ၁၅:၁၅

ဘုရားသခင်၏ ဝိညာဉ်တော်သည် ရှံဆုန်အပေါ်သက်ရောက်၍ လူတစ်ထောင်ကို သတ်ခြင်းသည် ဘုရားသခင်၏ စာရိတ္တတော်နှင့် မည်သို့ ကိုက်ညီမည်နည်းဟူသောမေးခွန်းကို လူတွေမေးတတ်ကြသည်။ ခရစ်တော်၏ ဝိညာဉ်တော် သက်ရောက်သဖြင့် ရှံဆုန် ထိုသို့ပြုမူသည်ဟုယူဆမည်ဆိုလျှင် "အပြစ်နှင့်ညစ်ညူးခြင်းတို့ကင်းစင်"သော (ဟေဗြဲ ၇: ၂၆ MSBU) သားတော်သည် ဘုရားသခင်တားမြစ်တားသော အရာကို လုပ်ဆောင်ပါမည်လော။

ဘုရားသခင်၏ ဝိညာဉ်တော် လူတစ်ဦးအပေါ် သက်ရောက်သောအခါ မည်သို့ဖြစ်လာတတ်ကြောင်း လေ့လာကြပါစို့။ ဝီလီယမ်မီလာ၏ ကျမ်းစာအနက်ဖွင့်နည်းအတိုင်း ဟေဗြဲကျမ်းကို အနက်ဖွင့်ပါမည်။ ရှံဆုန်အပေါ် ဝိညာဉ်တော် သက်ရောက်ရာတွင် အသုံးပြုသော စကားလုံး (H6743) "prosper" "အောင်နိုင်စေသည်"ဟု အမြဲလိုလို ဘာသာပြန် လေ့ရှိသည်။ Young's literal Translation ကျမ်းတွင် အောက်ပါတိုင်း ရေးထားသည်။

…and **the Spirit of Jehovah prospereth over him**…his bands are wasted from off his hands, and findeth a fresh jaw-bone of an ass, and putteth forth his hand and taketh it, and smiteth with it – a thousand men. (Judges 15:14-15)

ဘုရားသခင်သည် “အောင်နိုင်သည်”ဟူ၍ အနက်ဖွင့်ရလျှင် ဘုရားသခင် သည် ရှံဆုန်အထဲမှ အလုပ်လုပ်သည်ဟု ယူဆခြင်းထက် တိုက်ပွဲတွင် အနိုင်ရစေသည်ဟု ယူဆခြင်းသည် ပိုမို သင့်လျော်သော အနက်ဖွင့်ဆိုချက်ဖြစ်ပါမည်။ ဘုရားသခင်၏ ဘိသိက်ပေးခြင်းခံရသူ တစ်ပါးအမျိုး “ကုရှရှင်ဘုရင်”ကို စစ်နိုင်သူအဖြစ် ခေါ်တော်မူခြင်းနှင့် ဆင်တူပါသည်။ လူ့အမြင်တွင် အောင်နိုင်စရာမရှိသော်လည်း ဘုရားသခင် အောင်နိုင်စေသဖြင့် သူသည် ဘေဘီလုန်ကို အံ့ဖွယ်ရာစစ်အောင်ခဲ့သည်။

“prosper” “အောင်နိုင်စေသည်” ဟု သုံးထားသော အခြားဥပမာတစ်ခုမှာ

> “အကြောင်းမူကား၊ ယုဒရှာဘုရင်ဇေဒကိသည် ခေါ်၍ ထာဝရဘုရားက ဤမြို့ကို ဗာဗုလုန်ရှင်ဘုရင်လက်သို့ ငါအပ်၍ သူသည် သိမ်းယူလိမ့်မည်။ ဇေဒကိကိုလည်း ဗာဗုလုန်မြို့သို့ ဆောင်သွားလိမ့်မည်။ ငါအကြည့်အရှုမလာမီတိုင်အောင် ထိုမြို့၌ နေရလိမ့်မည်။ သင်တို့သည် ခါလဒဲလူတို့ကို စစ်တိုက်၍ မနိုင်ရကြဟု ထာဝရဘုရားမိန့်တော်မူ” ယေရမိ ၃၂း ၃၊ ၅ (စစ်တိုက်၍ မနိုင်ဟူသော စကားလုံးကို you shall not prosper ဟု သုံးထားသည်ကို တွေ့ရသည်။)

ဘုရားသခင်သည် သူ့နိုင်ငံတော်၏ ဖြောင့်မတ်ခြင်းတရားအ တိုင်း၊ ပညတ်တော်၏ တရားမျှတမှုအတိုင်း၊ နိုင်ငံသားများ၌ ရှိသော အကျင့်သီလအတိုင်း တိုင်းနိုင်ငံများကို အောင်နိုင်ရန် အလိုတော်ရှိသည်။ သို့သော်လည်း ဣသရေလတို့သည် အခြားနိုင်ငံများအတိုင်း လိုက်ကျင့်၍ စစ်တိုက်ကြသည်။ ရှင်ဘုရင်တောင်းဆိုကြသည်။ ရုပ်ထုကိုးကွယ်ကြသည်။ ဘုရားသခင်၏မူလ ရည်ရွယ်ချက်အတိုင်းမဟုတ်တော့သော်လည်း သန့်ရှင်းသောဝိညာဉ်တော် အခွင့်မပေးလျှင် မည်သည့်ရှင်ဘုရင်၊ မည်သည့်စစ်တပ်၊ မည်သည့် တိုင်းနိုင်ငံမျှ အောင်မြင်ခြင်း ရယူနိုင်သည်မဟုတ်ချေ။ ရှံဆုန်၏ အပြုအမူသည် ခရစ်တော်၏ အကျင့်စရိုက်နှင့် ကိုက်ညီမှုမရှိသော်လည်း ဘုရားသခင်သည် သူ့ကို ယုံကြည်စိတ်ချမှု၊ ရဲစွမ်းသတ္တိနှင့် အောင်နိုင်ခြင်းအခွင့်ပေးခဲ့သည်ဟု ရှံဆုန်အပေါ် ဝိညာဉ်တော် သက်ရောက်ခြင်းကို နားလည်နိုင်ပါသည်။

ကျမ်းချက်ကို သေချာစွာဖတ်ကြည့်လျှင်လည်း “ထာဝရဘုရား၏ ဝိညာဉ်တော် သက်ရောက်သဖြင့် သူ့လက်၌ချီသော ကြိုးတို့သည် မီးထိသော ပိုက်ဆန်ရိုးကဲ့သို့ ဖြစ်၍ အချည်အနှောင်

ကျွတ်လေ၏။”ဟုတွေ့ရသည်။ ဤအရာသည် ဝိညာဉ်တော် သက်ရောက်ခြင်းကြောင့် ဖြစ်သောအရာဖြစ်သည်။ သတ်ဖြတ်ခြင်း မရှိသေးပါ။ ဘုရားသခင်က ထွက်ပြေးလွတ်မြောက်နိုင်ရန် သူ့ကို ကူညီခဲ့သည်။ သို့သော် နောက်ဆက်လုပ်ရမည့်အရာမှာ ရှံဆုန်၏ ဆုံးဖြတ်ချက်အတိုင်းသာ ဖြစ်သည်။

“သူသည်လည်း မြည်းမေးရိုးလတ်လတ်ကိုတွေ့၍ ကိုင်ယူပြီးလျှင် လူတစ်ထောင်တို့ကို သတ်လေ၏။ သတ်ပြီးလျှင် မြည်းမေးရိုးဖြင့် အပုံပုံ၊ မြည်းမေးရိုးဖြင့် လူတစ်ထောင်ကို ငါသတ်လေပြီဟု ဆိုသောနောက်၊”

“မြည်းမေးရိုးကို ပစ်လိုက်၍၊ ထိုအရပ်ကို ရာမတ်လေဟိအမည်ဖြင့် တွင်လေ၏။ အလွန်ရေငတ်၍ ထာဝရဘုရားကို ဆုတောင်းလျက်၊ ကိုယ်တော်သည် ဤကြီးစွာသော ကယ်တင်ခြင်းကို ကိုယ်တော်၏ ကျွန်လက်၌ ပေးတော်မူပြီးမှ၊ ယခု အကျွန်ုပ်သည် ရေငတ်သဖြင့်သေ၍ အရေဖျားလှီးခြင်းကို မခံသောလူတို့လက်သို့ ရောက်ရပါမည်လောဟု လျှောက်သော်၊”

“လေဟိအရပ်၌ ချိုင့်ဝှမ်းရာကို ဘုရားသခင်ဖောက်တော်မူ၍ ရေထွက်လေ၏။ သူသည် ရေကိုသောက်သဖြင့် အသက်ရှုပြန်၍ အားဖြည့်လေ၏။” တရားသူကြီးမှတ်စာ ၁၆:၁၃-၁၄

ရှံဆုန်သည် ဘုရားသခင်ထက် မိမိကိုယ်မိမိ သာ၍ ချီးမြှောက်ခဲ့သည်။ ခရစ်တော်၏ စိတ်သဘောထားရှိသူသည် မိမိကိုယ်မိမိ မချီးမြှောက်ပါ။ ဖခမည်းတော်နှင့် သားတော်ကိုသာ အစဉ်ချီးမြှောက်တတ်ကြပါသည်။ ထို့ကြောင့် ရှံဆုန်က သတ်ဖြတ်ပြီးသောအခါ ထိုကဲ့သို့သောစကားမျိုး ပြောသည်ဖြစ်ရာ ဘုရားသခင်သည် သတ်ဖြတ်ခြင်း၌ သူနှင့်အတူမရှိကြောင်း ဖော်ပြနေပါသည်။”

“ယေရှုက ငါသည်ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်။ ငါသည် ကြားသည်အတိုင်း တရားစီရင်၏၊ ငါ့စီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။

အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့ လိုက်၏။” ရှင်ယောဟန် ၅:၃၀

“သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက်ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သော အရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာတို့ကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။” ရှင်ယောဟန် ၁၆:၁၃-၁၄

ရှံဆုန်၏ မိမိကိုယ်မိမိ ချီးမြှောက်ခြင်းသည် ယုဒလူမျိုးများအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်စေပါသည်။ ဖိလိတ္တိလူမျိုးတို့သည် ဘုရားသခင်ထက် လူ့အင်အားကို အားကိုးကြသော်ကြောင့်၊ ဖိလိတ္တိလူတို့ကလည်း ဣသရေလလူတို့၏ အောင်မြင်မှုသည် ယေဟောဝါဘုရား ပေးတော်မူသော အောင်ပွဲဖြစ်ကြောင်း သိတော့မည်မဟုတ်ပါ။ ထိုအချိန်က လူတို့သည် လူများကို ဘုရားကဲ့သို့ ကိုးကွယ်လေ့ရှိသည်။ ရှံဆုန်၏ အပြုမူသည် ဣသရေလလူတို့နှင့် တစ်ပါးအမျိုးသားတို့ကို လူစွမ်းကောင်း၊ လူတော်များကို ကိုးကွယ်သည့် ရုပ်ထုကိုးကွယ်မှုမျိုးဆီ ဦးတည် သွားစေနိုင်သည်။ ဘုရားသခင်သည် သူတို့၌ရှိသော စံနှုန်းများအတိုင်းသာ အလုပ်လုပ်တော်မူကြောင်း သတိရပါ။

ရှံဆုန်၏ ဖိလိတ္တိလူတို့အပေါ် အောက်မြင်မှုကို ထောင်ပေါင်းများစွာသော ဣသရေလတို့ မြင်တွေ့ခဲ့ကြသော်လည်း မည်သည့်အောင်မြင်မှုကြွေးကြော်သံကိုမျှ မကြားရချေ။ စစ်သူရဲသည် အံ့ဖွယ်ကောင်းသော အောင်မြင်မှုအတွက် ကျေကျေနပ်နပ် မိမိကိုယ်မိမိ ဂုဏ်ပြုအောင်ပွဲခံခဲ့ပါသည်။ ဘုရားသခင့်ဘုန်းတော်ကို ချီးမွမ်းရမည့်အစား မိမိကိုယ်မိမိ ချီးမြှောက်ခဲ့သည်။ သူရပ်နားပြီးသည်နှင့် မကြာမီပင် ပြင်းထန်နာကျင်စွာ ရေဆာလာ၍ အားနည်းလာခဲ့သည်။ ကြီးမားသောအားထုတ်မှုကြောင့် အလွန်မောပန်းလာ၏။ ရေသောက်စရာ ရရှိနိုင်မည့် နည်းလမ်းလည်း အသင့်မရှိခဲ့ပါ။ မိမိသည် ဘုရားသခင်အပေါ် လုံးလုံးလျားလျား မှီခိုနေရသော အသက်တာဖြစ်ကြောင်း သိရှိလာတော့သည်။ သူ၏

ကိုယ်ပိုင်အစွမ်းကြောင့် အောင်မြင်သည်မဟုတ်ဘဲ၊ အနိုင်းမဲ့စွမ်းအားရှင်ကြောင့် အောင်နိုင်ခြင်း ဖြစ်ကြောင်းနားလည်လာခဲ့သည်။ (ST October 6, 18821, par. 13)

ရှံဆုန်သည် ဘုရားသခင်၏ စကားကို ငြင်းပယ်လျက်ပင် ဘုရားသခင်ပေးသော စွမ်းအားကို လက်ခံရရှိမြဲဖြစ်သည်။ ထိုအချက်အားဖြင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရွေးချယ်မှုကို ဘုရားသခင် မည်သို့ အသိမှတ်ပြုကြောင်း သိနိုင်ပါသည်။ ဘုရားသခင်၏အကျင့်သီလကို ငြင်းပယ်သော စာတန်မာရ်နတ်၏ ကြီးမားသောတန်းခိုးသည်လည်း ဘုရားသခင်ထံမှလာသော တန်ခိုးဖြစ်သည်။ လူအပေါင်းတို့သည် ဘုရာသခင်၏ စာရိတ္တကို နားလည်လက်ခံလာကာ ထာဝရအသက်သို့ ဝင်စားနိုင်စေရန် မျှော်လင့်၍ အမှားကိုပြုပြင်နိုင်ရန် စောင့်ကြည့်ကရုဏာဖြင့် ထိုတန်ခိုးကို အချိန်ကာလတစ်ခုထိ ဆက်လက်ပေးထားခြင်းဖြစ်သည်။

ဆိုးယုတ်သူများအပါဝင် ကျွန်ုပ်တို့အားလုံး ပြုခဲ့သောအမှုအားလုံးကို ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ကျွန်တော်တို့ ပြုကြ၏။ ကျက်သရေရှိသော စန္ဒာသမား၊ ကျွမ်းကျင်သော ဘောလုံးသမား၊ အလွန်သက်လုံကောင်းသော မာရသွန်အပြေးသမားစသည်ဖြင့် အရာအားလုံးတို့ သည် မိမိတို့အစွမ်းကို ဘုရားသခင်ထံမှ ရရှိကြသည်။ အရေးကြီးသောအချက်မှာ ထိုအစွမ်းတန်ခိုးသည် ဘုရားသခင်ထံမှလာကြောင်း အသိမှတ်ပြုလျက် တစ်ကိုယ်ကောင်းစိတ်ဖြင့် အပြစ်လုပ်ဖို့အသုံးပြုမိခြင်းကိုနောင်တရလျက်၊ ကိုယ်တော့်ထံ ပြန်လာကာ အလိုတော်အတိုင်း အသက်ရှင်ရန်ဖြစ်သည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ရရှိသော အစွမ်းတန်ခိုးကို စာတန်မာရ်နတ်၏ စိတ်သဘောထားဖြင့် အသုံးပြု၍၊ ကျွန်ုပ်တို့ကို ထာဝရသေခြင်းသို့ပို့မည့် မတရားမှုများ၊ အပြစ်များပြုရာတွင် အသုံးပြုပါက ဘုရားသခင်၏တန်ခိုးတော်ဖြစ်သော ခရစ်တော်ကို ပြန်၍ ဝမ်းနည်းနာကျင်စေမိမည်ဖြစ်သည်။ (၁ကော ၁:၂၄)

ရှံဆုန်က ဘုရားသခင့်တန်ခိုးတော်ကို အပြစ်ရှိသောအရာအတွက် အသုံးပြုခဲ့သော်လည်း ဘုရားသခင်က သူ့ကို စွန့်ပစ်မသွားခဲ့ပါ။ ထို့အစား သူ့အားနည်းချက်ကို ရေငတ်ခြင်းဖြင့် သိစေလျက် မိမိကိုယ်မိမိ ဂုဏ်ရည်သွေးနေခြင်းသည် မှားယွင်းကြောင်း၊ သူ၌ ရှိသမျှသောအရာ၊ ကျွန်ုပ်တို့၌ ရှိသမျှသောအရာတို့သည် ဘုရားသခင်တစ်ပါးတည်းထံမှလာကြောင်း အသိမှတ်ပြုနိုင်ရန် ကူညီခဲ့သည်။

> "ဘုရားသခင်သည် တစ်ကြိမ် ဗျာဒိတ်ပေးတော်မူပြီ။ နှစ်ကြိမ်မြောက် ငါကြားရသော ဗျာဒိတ်တော် ဟူမူကား၊ တန်ခိုးသည် ဘုရားသခင်၌ရှိ၏။ အိုထာဝရဘုရား၊ ကိုယ်တော်သည် ကရုဏာနှင့် ပြည့်စုံတော်မူ၏။ ကိုယ်တော်သည် လူအသီးသီးတို့အား သူတို့အကျင့်နှင့်အလျှောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူ၏။" (ဆာလံကျမ်း ၆၂:၁၁-၁၂)

ကျွန်တော်တို့အားလုံးနည်းတူ ရှံဆုန်သည်လည်း သူ့အထဲ၌ရှိသော ဘုရားသခင်ကို ဘုန်းထင်ရှားစေလိုသည့် စိတ်သဘောနှင့် စာတန်သွေးဆောင်သော မိမိကိုယ်မိမိဂုဏ်ပြုလိုသောဇာတိပကတိစိတ်သဘောတို့၏ ဆိုင်ပြိုင်တိုက်လှန်မှုကို ခံစားရသူဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်အတွက် မိမိစိတ်နှလုံးကို လုံးလုံး မမာကြောစေခဲ့သောကြောင့် နောင်တရနိုင်၍ အပြည့်အဝ ယုံကြည်နိုင်သည့် အစွမ်းသူ့၌ ရှိသေး၏။ ရှံဆုန်သည် ရှင်ပေါလု ဟေဗြဲ ၁၁တွင် ဖော်ပြခဲ့သော ယုံကြည်ခြင်းသူရဲကောင်းများအနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့သောကြောင့် အပြစ်ပြုခဲ့သော်လည်း ထိုအခြေနေသို့ရောက်နိုင်ရန် ဘေးဒုက္ခအမျိုး မျိုး ကြုံတွေ့ကာ ဘုရားသခင်ကို လုံးလုံး မျက်ကွယ်မပြုဘဲ နောင်တရ၍ပြောင်းလဲခဲ့ကြောင်း သိနိုင်သည်။

## ဘုရားသခင် ပြုတော်မူသည်ဟု မှတ်ယူခြင်း

ဘုရာသခင်သည် မေးရိုးဖြင့် လူပေါင်းတစ်ထောင်ကို သတ်ခဲ့ပါသလား။ မသတ်ခဲ့ပါ။ ဘုရားသခင်သည် လူသား၏ အပြစ်သဘော (စစ်မက်လိုလားသော သဘောသဘာဝ) ကို အသုံးချ၍ သင်ခန်းစာပေးကာ သူထံသို့ ပိုမိုနီးကပ်အောင် ဆွဲခေါ် ခဲ့သည်။ ရှံဆုန်က တစ်ပါးလူမျိုးတို့အသက်ကို သတ်ခြင်းသည် ဘုရားသခင်နှစ်သက်သောအရာဟု ထင်ခဲ့သည်။ အကြောင်းမှာ ထိုသို့ သွန်သင်ခံခဲ့ရသောကြောင့်ဖြစ်သည်။ ဧလိယကလည်း ဘုရားသခင်သည် မြေငလျှင်၊ လေထဲ၊ မီးထဲ၌ရှိတော်မူသည်ဟု ထင်ခဲ့သည်။ ဧလိယခေါ်သောအခါ ကောင်းကင်မှ ကျလာသောမီးသည် ဘုရားသခင်ကျစေသောမီးဟု ထင်မှတ်သော တပည့်တော်များနှင့် တူပါသည်။

> "ထိုအကြောင်းကို တပည့်တော် ယာကုပ်၊ယောဟန်တို့သည်မြင်လျှင် သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှ မီးကျစေခြင်းငှာ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည်လှည့်ကြည့်၍ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်

မသိကြ၊ လူသားသည် လူတို့၏အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှာ ကြွလာသည်ဟု ဆုံးမတော်မူပြီးမှ အခြားသောရွာသို့ ကြွတော်မူ၏။” (လုကာ ၉:၅၄-၅၆)

ဘုရားသခင်၏ သားတော်သည် ဖျက်ဆီးခြင်းငှာ လာသည်မဟုတ်၊ ကယ်တင်ခြင်းငှာ လာသည်မှန်လျှင် ဖျက်ဆီးခြင်းကို သူ့အကျင့်စရိုက်အဖြစ် မှတ်ယူ၍ ရပါမည်လော။ ကျမ်းစာကမူ စာတန်မာရ်နတ်သည် ဖျက်ဆီးသူဖြစ်သည်ဟု ဖော်ပြထားသည်။ (၁ကော ၁၀:၁၀) “ဖျက်ဆီးသူ”ကို ဂရိဘာသာတွင် အဆိပ်ပြင်းသော ရှေးမြွေဟောင်းဟု အဓိပ္ပာယ်ရသည်။ ယေရှုပြောခဲ့သောစကားများနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

“သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှာသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသတည်း။ ရှင်ယောဟန် ၁၀: ၁၀

သို့သော်လည်း ကျွန်တော်တို့က ဘုရားသခင်သည် အီဂျစ်ပြည်ရှိ သားဦးများကို သတ်သူ၊ နာဒပ်နှင့် အဘိဟုတို့ကို လောင်ကျွမ်းစေသူ၊ ကောရကို မြေဖြင့်မြိုစေသူ(The Rebellion of Korah စာအုပ်ကိုဖတ်ပါ) အာရှုရိလူမျိုးတို့ကို ကပ်ရောဂါဖြင့် အသေသတ်သူအဖြစ် ထင်မှတ်တတ်ကြသည်။ ယေဘုယအားဖြင့် ကပ်ဘေး၊ သဘာဝဘေးဒဏ်တို့သည် ဘုရားသခင်ဖြစ်စေသော အရားများဟု ကျွန်တော်တို့ ထင်တတ်ကြသည်။ ထိုကြောင့် ထိုအရာများကို ဘုရားသခင်၏ လုပ်ဆောင်ချက်များဖြစ်သော အာမခံစာရွက်များကဲ့သို့ မှတ်ယူကြသည်။ သို့သော်လည်း ဘုရားသခင်သည် ထိုကဲ့သို့သော ဘုရားမဟုတ်သောကြောင့် ကျွန်တော်တို့အားလုံး သင်ယူရမည့် သင်ခန်းစာအချို့ရှိပါသည်။

“လူသားများကို စာတန်၏ ထိန်းချုပ်မှုအောက်သို့ လုံးလုံးကျရောက်မသွားစေရန် ကာကွယ်ပေးသည့်အရာမှာ ဘုရားသခင်၏ကွယ်ကာပေးသည့် တန်ခိုးတော်ဖြစ်သည်။ နားမထောင်တတ်သူများနှင့် ကျေးဇူးမသိတတ်သူများအတွက်ပင်လျှင် နတ်ဆိုးရန်သူ၏ ဘေးအန္တရာယ်ပေးမှု၊ အကြင်နာမဲ့ရက်စက်မှုများကို ထိန်းချုပ်ပေးသည့် ဘုရားသခင်၏ စိတ်ရှည်သည်းခံခြင်းနှင့် ကရုဏာတော်အတွက် ကျေးဇူးတင်စရာရှိပါသည်။ လူသား

များသည် ဘုရားသခင်၏ သည်းခံခြင်း အတိုင်းတာကို ကျော်လွန်လာသောအခါ ထို ကာကွယ်ခြင်းတန်ခိုးကို ရုတ်သိမ်းလိုက်သည်။ ဘုရားသခင်သည် အပြစ်ကျူးလွန်မှုအ တွက် အပြစ်သားကို ပြစ်မှုရာဇသတ်ဖြင့် ကွပ်မျက်တတ်သူ မဟုတ်ပါ။ သို့သော်လည်း သူ့ကရုဏာတော်ကို ငြင်းပယ်သူများအား သူတို့စိုက်သည့်အတိုင်း ရိတ်သိမ်းရန် စွန့်ပစ် ထားရစ်ရပါတော့သည်။ ငြင်းပယ်ခံရသည့် အလင်းတိုင်း၊ အလေးထားမခံရသည့် သတိ ပေးချက်တိုင်း၊ အလိုလိုက်ခံရသည့် အလိုဆန္ဒတိုင်း၊ ချိုးဖောက်ခံရသော ဘုရားသခင် ၏ ပညတ်တော်တိုင်းသည် မလွဲမသွေ ရိတ်သိမ်းရမည့် မျိုးစေ့များဖြစ်သည်။ မဆုတ်မ နှစ် ခုခံတွန်းလှန်ပေးသည့် ဘုရားသခင်၏ ဝိညာဉ်တော်ကို အဆုံးတွင် အပြစ်သားထံမှ ရုတ်သိမ်းလိုက်သည်။ ထို့နောက် လူ့ဝိညာဉ်၏ မကောင်းသောအလိုဆန္ဒများကို ထိန်း ချုပ်ပေးမည့် တန်ခိုးမရှိတော့ချေ။ စာတန်၏ ဘေးဒုက္ခရောက်စေလိုသည့် ရည်ရွယ် ချက်နှင့် ရန်လိုစိတ်မှ ကာကွယ်ပေးမည့်အရာ မရှိတော့ချေ။ (GC 36)

ယောဟန် မျှော်လင့်သည်အတိုင်း ယေရှုသည် တိုင်းပြည်အုပ်ချုပ်မည့် လောကရှင်ဘုရင် မ လုပ်သောအခါ သူစိတ်ကသိကအောင့်ဖြစ်လာသည်။ ထို့ကြောင့် သံတမန်တို့ကို စေလွှတ်၍ ယေရှု၏ သာသနာတော်အကြောင်း မေးမြန်းစေခဲ့ပါသည်။ ယောဟန်၏ တပည့်တော်တို့ သည် ယေရှုက နာမကျန်းဖြစ်သူများကို ပျောက်ကင်းစေခြင်း၊ မျက်မမြင်များကို ပြန်လည် မြင်စေခြင်း၊ နားထိုင်းသူများ နားကြားလာခြင်း၊ လူအပေါင်းတို့ကို ဆုံးမသွန်သင်နေကြောင်း တွေ့မြင်ခဲ့ရသည်။ သူတို့သည် ပြန်လာ၍ ယောဟန်ထံ၌ သူတို့မြင်ခဲ့သောအကြောင်းရာများ ကို ပြောပြခဲ့ကြသည်။

“တပည့်တော်များက သတင်းပို့သော် ယေရှုသည် တကယ့်မေရှိယဖြစ်ကြောင်း ယော ဟန်ယုံကြည်ခဲ့၏။ မေရှိယနှင့်စပ်ဆိုင်သော ပရောဖက်ပြုဟောကြားချက်များကို ပြန် လည်ဆင်ခြင်ခဲ့သည်။ “ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေ ခြင်းငှာ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကိုစည်းစေခြင်း ငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက် ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသော သူတို့အား ထောင်တံခါးဖွင့်စေခြင်း အကြောင်းကို ပြစေခြင်းငှာ

လည်းကောင်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း စိတ်မသာညည်းတွားသော သူတို့အား နှစ်သိမ့်စေခြင်းငှာလည်းကောင်း" (ဟေရှာယ ၆၁:၁-၂) ယေရှုပြုတော်မူသော အမှုများသည် သူမေရှိယဖြစ်ကြောင်း ဖော်ထုတ်ပြသည်သာမက၊ သူ့နိုင်ငံတော်ကို မည်သို့တည်ထောင်မည်ဖြစ်ကြောင်းကိုလည်း ဖော်ပြတော်မူပါသည်။ ကန္တာရ၌ ဧလိယကို အမှန်တရားဖွင့်ပြတော်မူသည်နည်းတူ ယောဟန်ကိုလည်း ဖွင့်ပြတော်မူခဲ့သည်။ "နှုတ်ကပတ်တော်ကလည်း ထွက်လော့။ ထာဝရဘုရားရှေ့တော်မှာ ရပ်လော့။ ထာဝရဘုရား လျှောက်သွားတော်မူမည်ဟု မိန့်တော်မူ၏။ ထိုအခါ အားကြီးသောလေပြင်းသည် တောင်ထိပ်တို့ကို ခွဲ၍၊ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကို ချိုးဖဲ့၏။ သို့ရာတွင် ထာဝရဘုရားသည် လေ၌ရှိတော်မမူ။ လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မြေလှုပ်ရှားခြင်း၌လည်း ရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာ မီးရှိ၏။ ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ၊ မီးနောက်မှာ ဖြည်းညှင်းသောအသံရှိ၏။ ထိုအသံကို ဧလိယသည် ကြားလျှင်၊ မျက်နှာကို အဝတ်နှင့် ဖုံးအုပ်လျက်ထွက်၍ ဥမင်ဝ၌ ရပ်နေ၏။ ထိုအခါ ဧလိယ သင်သည် ဤအရပ်၌ အဘယ်သို့ပြုလျက်နေသနည်းဟု အသံလာ၏" (ဓမ္မရာဇဝင် တတိယ ၁၉:၁၁-၁၃) ထိုနည်းတူစွာ ယေရှုသည်လည်း အမှုတော်ဆောင်ရာတွင် စစ်လက်နက်များဖြင့် တိုက်ခိုက်၍ ပလ္လင်များကိုမှောက်လျက် နိုင်ငံများကိုသိမ်းရန် လာသည်မဟုတ်ပါ။ မိမိကိုယ်မိမိ ပူဇော်ကာ ကရုဏာတော်နှင့် ပြည့်ဝသော သက်တော်စဉ်အားဖြင့် လူသား၏ နှလုံးသားကို စကားပြောတော်မူရန် လာခဲ့ခြင်းဖြစ်သည်။ ( ထာဝရလိုအင် သက်တော်စဉ် ၂၁၇)

ရှုံဆုန်ရောက်ရှိနေသော အခြေနေကို ကြည့်ကြပါစို့။ တရားသူကြီးများ၏ ခေတ်အခါတွင် ဣသရေလအမျိုးသားအပေါင်းတို့၏ မယုံကြည်တတ်သော အကျင့်ဓလေ့တို့ကြောင့် ဘုရားသခင်သည် သူတို့အားဖြင့် မေတ္တာစိတ်ဖြင့် ကိုယ်ကျိုးစွန့်အလုပ်မျိုး မလုပ်ဆောင်နိုင်ခဲ့ပါ။ သူတို့အားလုံးကို သွန်သင်၍ရနိုင်မည့် အဖြစ်ပျက်မျိုးဖန်လာသည့်အခါ၌သာ သူတို့၏ လွတ်လပ်စွာရွေးချယ်ခွင့်ကို စောင့်ထိန်းလျက် အလုပ်လုပ်ဆောင်တော်မူ၏။ ဖိလိတ္တိလူတို့သည်

လည်း ဓားကိုသာ နားလည်သည်ဖြစ်ရာ ဘုရားသခင်သည် ရှုံဆုန်လက်မှ သူတို့ကို ကာကွယ်ရန် မတတ်သာတော့သည့် အခြေနေထိ သူတို့စိတ်နှလုံးကို ခိုင်မာစေခဲ့ကြသည်။

> "မိဘများနှင့် အုပ်ချုပ်သူများသည် အပြစ်တရားကို အပြစ်ပေးရမည့်တာဝန် ပျက်ကွက်သောအခါ ထိုအမှုကို ဘုရားသခင်ကိုယ်တိုင် ကိုင်တွယ်တော်မူလိမ့်မည်။ သူ၏ အကန့်သတ်ရှိ ကာကွယ်ပေးသော တန်ခိုးတော်သည် နတ်ဆိုးများ၏ ကိုယ်စားလှယ်များထံမှ ရုတ်သိမ်းသောကြောင့် အပြစ်တရားကို အပြစ်တရားဖြင့် ဒဏ်ခတ်သည့် အခြေနေတစ်ရပ် ပေါ်ပေါက်လာလိမ့်မည်ဖြစ်သည်။" (pp 728)

ရှုံဆုန်၏ လူသတ်မှုသည် အပြစ်ဖြစ်၏။ သို့သော် သူရောက်ရှိနေသည့် ပတ်ဝန်းကျင်အသိုင်းဝန်းကြောင့် အပြစ်ဖြစ်ကြောင်း သူနားမလည်ခဲ့ပါ။ သူ့အထင် ဘုရားသခင်၏ ရန်သူများကို သတ်ဖြတ်ခြင်းသည် အပြစ်မဟုတ်ဘဲ ဖြောင့်မတ်သည်ဟု ယူဆခဲ့သည်။ ယခုချိန်တွင်လည်း စစ်တပ်၌ ခရစ်ယာန်များရှိပါသည်။ သူတို့ရရှိသည့် အလင်းတရားအတိုင်း သူတို့၏ဆုတောင်းသံများကို ဘုရားသခင် နားညောင်း၍ ကူညီတတ်ပါသည်။ သူတို့ကိုလမ်းပြနိုင်ရန် သူတို့နည်းအတိုင်းအလုပ်လုပ်ပေးခဲ့သော်လည်း ကောင်းစွာနားလည်လာသောအခါတွင်မူ မှားယွင်းသောအပြုအမူအတွက် နောင်တရရန် အလိုတော်ရှိသည်။

တစ်ချိန်ထဲတွင် စစ်တိုက်နေရသူများအနေဖြင့် စစ်ပွဲတွင် မိမိတို့သည် တရားပြီးသည်။ ရန်သူများသည် ဆိုးယုတ်သူများဖြစ်သည်ဟု မှတ်ယူခြင်းသည် စစ်သားတစ်ယောက် ကျွမ်းကျင်စွာ သတ်ဖြတ်နိုင်ရန်အတွက် အဓိကရေးပါကြောင်း သိကြသည်။ ထို့အတွက်ကြောင့်ပင် ရန်သူများသည် အထင်မြင်သေး၊ အပြစ်တင်ခြင်းနှင့် ထိုက်တန်အောင် ဆိုးသွမ်းသူများဖြစ်ကြောင်း မိမိတို့လုပ်ရပ်သည် မှန်ကန်ကြောင်း ဝါဒဖြန့်ရန် ငွေအင်အား၊ လူအင်အား အများအပြား ထုတ်သုံးကြခြင်းဖြစ်သည်။ သမိုင်းတစ်လျှောက် စစ်ပွဲတိုင်း၌ ထိုသို့ပြုကြပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများကို ကာကွယ်၍ ရန်သူတို့ကို အသေသတ်ရမည်ဟူသော အဆုံးမရှိသံသရာကြီးကို ဖျက်ဆီးရန် ယေရှုက ကောင်းသောရှမာရိပုံပမာကို ပြောပြတော်မူခဲ့သည်။

> "ထိုသုံးယောက်တို့တွင် အဘယ်သူသည် ဓားပြလက်သို့ရောက်သောသူနှင့်စပ်ဆိုင်သောသူ ဖြစ်သနည်းဟု ပြန်၍မေးတော်မူလျှင် ကျမ်းတတ်ကလည်း လူနာကို သနားသောသူ

သည် စပ်ဆိုင်သောသူဖြစ်ပါ၏ ဟုလျှောက်သော် ယေရှုက၊ သင်သည်သွား၍ ထိုနည်း တူပြုလော့ဟု မိန့်တော်မူ၏။" (ရှင်လုကာ ၁၀:၃၆,၃၇)

အကယ်၍သင်သည် ကျန်းမာခြင်းဆိုင်ရာ နည်းဥပဒေသများကို မကြားဖူးသောကြောင့် ဆီး ချိုရောဂါရပါက ဘုရားသခင်သည် သင့်ကိုအံ့ဖွယ်ရာ ရောဂါငြိမ်းစေကောင်း ငြိမ်းစေပါလိမ့် မည်။ သို့သော် ကျန်းမာခြင်းဆိုင်ရာ နည်းဥပဒေသများကို သိလျက်နှင့် တမင်မလိုက်နာလိုသူ များသည် ဘုရားသခင် အံ့ဖွယ်ကုသပျောက်ကင်းမှုကို မမျှော်လင့်သင့်ပါ။ သူတို့အပြစ်ကို နားလည်၍ နောင်တတရားနှင့် ခွင့်လွှတ်ခြင်းကို တောင်းလျှောက်သင့်ကြသည်။ ယေရှု၏ သ တင်းကောင်း ဧဝံဂေလိတရားကြားဖူးကြသူများအတွက်လည်း ထို့အတူပင်ဖြစ်ပါသည်။

> သူတို့ရရှိသော အလင်းတရားအတိုင်း အပြစ်ပေးခြင်း၊ စီရင်ခြင်းခံရမည်ဖြစ်သည်။ (YI June 8, 1893)

> ကျွန်ုပ်တို့ရရှိသောဆုကျေးဇူးများကို တိုးတက်အောင် မြှင့်တင်ခြင်းအားဖြင့် ကျွန်ုပ်တို့ ဖြစ်လာနိုင်ချေအားလုံးအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုသာ တာဝန်ယူစေပါ သည်။ ဘုရားသခင့် ဘုန်းတော်ထင်ရှားစေရန် ကျွန်ုပ်တို့၏ အစွမ်းအစများကို အသုံးမ ပြုသောကြောင့် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်ရန်သင့်သောအရာများကိုပင်လျှင် ကျွန်ုပ်တို့ မပြီးမြောက်တတ်ကြပါ။ ကျွန်ုပ်တို့ဖြစ်သည်အတိုင်း စီရင်ခြင်းခံရမည် ဖြစ်သော်လည်း ထိုအတိုင်း ဘုရားသခင် မစီရင်ပါ။ ရရှိသင့်သော်လည်း ကျွန်ုပ်တို့ မရရှိသောအသိပညာ ဗဟုသုတများကို မရရှိခြင်းသည် ကျွန်ုပ်တို့၏ အသက်ဝိညာဉ်ကို မဆုံးရှုံးခြင်းမဟုတ် သော်လည်း ထာဝရဆုံးရှုံးမှုပင်ဖြစ်ပါသည်။ (TM 146.2)

ရှံဆုန်သည် လူအများအပြားကို သတ်ခဲ့သော်လည်း သူသည် ယုံကြည်ခြင်း စစ်သူရဲတစ်ဦး ဖြစ်ပါသည်။ အကြောင်းမှာ သူနေထိုင်ရာ အလွန်ဝမ်းနည်းဖွယ်ရာကောင်းသော ကာလရေလ တို့၏ အခြေနေ၊ သူအမွေဆက်ခံရရှိခဲ့သော ရိုးရာစိတ်နေသဘောထားများအားဖြင့် သူ့ကို အကဲဖြတ်၊ စီရင်သောကြောင့်ဖြစ်သည်။ ရှံဆုန်၏ ပတ်ဝန်းကျင်သည် ရက်စက်ကြမ်းတမ်း သည်။ သူကိုယ်တိုင်လည်း အမှားများစွာ ကျူးလွန်ခဲ့သည်။ သူ့အသက်တာသည် အမှားများ ပြည့်နေပါသည်။ အပြစ်တရား၏ အကျိုးဆက်သည် ကြောက်စရာကောင်းလှသော်လည်း

စစ်မှန်သောနောင်တဖြင့် အဆုံး၌ကျွန်ုပ်တို့ ကယ်တင်ခြင်းရရှိနိုင်ကြောင်း သူ၏ အသက်တာမှ သင်ယူနိုင်ပါသည်။ သို့သော် သူရင်ဆိုင်ခဲ့ရသော စမ်းသပ်မှုသည် ကြောက်စရာကောင်းလှပါသည်။ ထိုသို့သော စမ်းသပ်မှုမျိုးကို ကျွန်တော်တို့ထံမှ ဘုရားသခင် မတောင်းဆိုပါ။ ဘုရားသခင်၏ ပညတ်ချက်များသည် ထိုကဲ့သို့ မလိုအပ်ဘဲ နာကျင်ခံစားနေရခြင်းမှ ကျွန်ုပ်တို့ကို ကာကွယ်ရန် ပေးထားခြင်းဖြစ်သည်။

"ဣသရေလလူမျိုးတို့၏ အောင်နိုင်သူတရားသူကြီး ဖြစ်ခဲ့ဖူးသော သူ့အပေါ် ပြောင်းလဲမှုကြီးတစ်ခု ဖြစ်လာပါတော့သည်။ ယခုတွင်မူ သူသည် အားနည်းလျက်၊ ကန်းလျက်၊ ဖမ်းချုပ်ထားခြင်းခံရလျက်၊ သိက္ခာကျစွာ အဆိုးရွားဆုံး မတူမတန်အောင်ဆက်ဆံခြင်းခံနေရပါသည်။ မြင့်မြတ်သော အမှုတော်အတွက် ခေါ်တော်မူသည့် သဘောတူညီချက်ကို သူ နည်းနည်းချင်းစီ ဖောက်ဖျက်ခဲ့မိသည်။ ဘုရားသခင်သည် သူ့အပေါ် ကြာရှည်စွာ သည်းခံခဲ့သော်လည်း သူသည် မိမိ၏လျှို့ဝှက်ချက်ကို သစ္စာဖောက်သည်အထိ အပြစ်တရား၌ မိမိကိုယ်မိမိ နှစ်မြုပ်ထားခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားသခင်သည် သူ့ကို စွန့်ထားတော်မူခဲ့ပါသည်။ သူ့ဆံပင်၌ မည်သည့်အစွမ်းသတ္တိမျှ မရှိပါ။ ဘုရားသခင်အပေါ် သစ္စာစောင့်ထိန်းကြောင်း လက်မှတ်တစ်ခုသာဖြစ်ပါသည်။ ထိုလက်မှတ်ကို ကာမတပ်မက်ခြင်းအလိုသို့ လိုက်ရန် စတေးပစ်ခဲ့သောကြောင့် ထိုလက်မှတ်ဖြင့် ရရှိနိုင်မည့် ကောင်းချီးများကိုလည်း ဆုံးရှုံးရပါတော့သည်။ ရှံဆုန်၏ အမှားမပါဘဲ သူ့ဆံပင်ကို ရိတ်ပါက သူ့ခွန်အားယုတ်လျော့သွားမည်မဟုတ်ပါ။ ခေါင်းပေါ်မှ ဆံပင်များကို ရိတ်ရန် ရွေးချယ်ခြင်းသည် သူ့ဂုဏ်အသရေကို ညိုးနွမ်းစေသကဲ့သို့ ဘုရားသခင်၏ မျက်နှာသာတော်နှင့် အာဏာကို မထီမဲ့မြင်ပြုကြောင်းပြသလိုက်ခြင်းဖြစ်သည်။ ဘုရားသခင်က သူ့မိုက်မဲမှု၏ ရလာဒ်ကို ခံစားစေရန် စွန့်ပစ်ခဲ့၏။" (ST Oct, 13,1881)

သူ့မိုက်မဲမှု၏ ရလာဒ်ကိုခံစားစေရန် စွန့်ပစ်ခံရခြင်းဖြစ်သည်။ မေးစရာရှိသည်မှာ ကျွန်ုပ်တို့ ဘုရားသခင်၏ စွန့်ပစ်ခြင်းခံရသောအခြေနေသို့ ရောက်မရောက် မည်သို့သိနိုင်မည်နည်း။ ထိုသို့သော အခြေနေမျိုး၌ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် မည်သို့ ရှိနိုင်သနည်း။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်တင်လျက်၊ စွန့်ပစ်ကြောင်း အဘယ်သို့ သိရသနည်း။ အမှားများကြောင့် သူ ကျွန်ုပ်တို့ကို မုန်းပါသလား။ အပြစ်၏ လွှမ်းမိုးမှုကိုခံရ၍ စာ

တန်မာရ်နတ်၏ စွပ်စွဲချက်များကြောင့် ကျွန်ုပ်တို့ စိတ်ပျက်သင့်ပါသလား။ ကျွန်ုပ်တို့ပြုသည် အတိုင်း ကျွန်ုပ်တို့ ပြန်၍ စီရင်ခြင်းကို ခံရမည်ဖြစ်ကြောင်း သတိရပါ။ (မဿဲ ၇:၂) နောင်တ တရားနှင့် ခွင့်လွှတ်ခြင်းတရားကို သင် ယုံကြည်ပါသလား။

> ဖိလိတ္တိလူတို့၏ ကစားစရာကဲ့သို့ သိမ်ငယ်အရှက်ကွဲလျက်၊ ဝေဒနာများ ခံစားနေရစဉ် တွင် ရှံဆုန်သည် မိမိဘဝကို ပြန်၍ ဆင်ခြင်နိုင်ခဲ့သည်။ သူ့အားနည်းချက်များကို အရင် ကထက်ပို၍ နားလည်လာခဲ့သည်။ သူခံစားရသောဝေဒနာများကြောင့် နောင်တရလာ သောအခါ၊ သူ၏ သဘာဝလွန်စွမ်းအားများ ပြန်လာပြီဖြစ်ကြောင်း ပြသနေသော သူ့ဆံ ပင်များ ရှည်စပြုလာ၏။ သူ့ကို အကူညီမဲ့ ထိတ်ခတ်ခံရသော အကျဉ်းသားအဖြစ်သာ မြင်နေသော ရန်သူများက မည်သည့် စိုးရိမ်ကြောင့်ကြမှုမျှ မခံစားမိသေးပါ။ (ST Oct 13,1881)

နောင်တရလျက် ခွန်းအားများ ပြန်လည်ရရှိလာသော်လည်း သူ့အမြင်အာရုံ ပြန်ကောင်းလာ မည်မဟုတ်ကြောင်း၊ ငြိမ်းချမ်းစွာ အသက်ရှင်ရအုံးမည်မဟုတ်ကြောင်း သူနားလည်ခဲ့သည်။ ယခု သူခံစားနေရသော နာကျင်မှုဝေဒနာများသည် သူ့ရွေးချယ်မှုများပင်ဖြစ်ကြောင်း လက် ခံခဲ့သည်။ သူ့ယုံကြည်မှုကို စွန့်ပစ်မထားခဲ့သေးပါ။ **သူ့အားနည်းချက်များကို သိမြင်လာလေ လေ၊ သူ့ယုံကြည်ခြင်းတိုးလာလေလေ ဖြစ်ပါသည်**။ ရောမ ၅:၂၀-၂၁ ကို သူနားလည်လာခဲ့ သည်။

> “ထိုမှတစ်ပါး၊ ပညတ်တရားသည် တစ်ဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ် ပွားများ၏။ သို့သော်လည်း အပြစ်ပွားများသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ထိုသို့ ဖြစ်လျှင်၊ အပြစ်တရားသည် သေခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့သခင် ယေရှု ခရစ် ပြုစုတော်မူ၍၊ ကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာ သို့ သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း။” ရောမ ၅:၂၀-၂၁

ထို့ကြောင့် ဘုရားသခင်သည် ရှံဆုန်၏ နောက်ဆုံးဆုတောင်းသံကို နားညောင်းတော်မူခဲ့ သည်။ ထို့နောက် ဖိလိတ္တိ လူတို့၏ (လက်တွေ့မတည်မရှိသော) ဒဂုန်ငါးဘုရားအထက်၌ ယေဟောဝါဘုရားကို ကမ္ဘာပေါ်တွင် ချီးမြှောက်ဘုန်းထင်ရှားစေလျက် ကွယ်လွန်ခဲ့သည်။

"ရှံဆုန်အားဖြင့် ဣသရေလလူမျိုးတို့ကို ဖိလိတ္တိလူတို့လက်မှ ကယ်နှုတ်မည်ဟူသော ဘုရားသခင်၏ ကတိတော် ပြည့်စုံခဲ့ပါသည်။ သို့သော် နိုင်ငံကို ဘုန်းကြီးထင်ရှားစေပြီး ဘုရားသခင်ကို လူတို့ ချီးမွမ်းရာအကြောင်းဖြစ်စေနိုင်မည့် အသက်တာသည် မှောင်မဲလျက်၊ စိတ်ပျက်ဖွယ်ရာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ အကယ်၍ ရှံဆုန်သာ ဘုရားသခင်၏ ခေါ်တော်မူခြင်းအတိုင်း မှန်ကန်စွာ လိုက်နာပါက ဘုရားသခင်၏ ရည်ရွယ်ချက်ကြောင့် သူ့ဘဝသည် ဂုဏ်အသရေကြီးစွာ ချီးမြှောက်ခြင်းကို ခံရနိုင်ပါသည်။ သို့သော် သူသည် အပြစ်သွေးဆောင်ခြင်းကို လက်ခံ၍ သူ့ယုံကြည်ချက်အပေါ် သစ္စာမရှိခဲ့သောကြောင့် သူ့သာသနာသည် ကျွန်ခံရခြင်း၊ အသက်ဆုံးရှုံးသည်အထိ ရှုံးနိမ့်မှုများဖြင့် ဆုံးခန်းတိုင်ခဲ့ရပါသည်။ (pp 567,2)

## ရှံဆုန်နှင့် ယောသပ်၏ အသက်တာကို နှိုင်းယှဉ်ခြင်း

ဘုရားသခင်၏ အစီစဉ်များသည် ယိုင်နဲ့နဲ့ဖြင့်သာ အောင်မြင်ခဲ့သည်။ ဤအချက်ကို နောက်ဆုံးသော အချိန်ကာလအတွက် သင်ခန်းစာဖြစ်စေကြပါစို့။ အယ်လင်ဝိုက်က ရှံဆုန်နှင့် ဂုဏ်အသရေရှိရှိ မြင့်မြတ်စွာ ဘုရားသခင်၏ ရည်ရွယ်ချက်ကို အောင်မြင်စေသည့် ယောသပ်တို့ကို နှိုင်းယှဉ်ပြထားပါသည်။ ယောသပ်က ဘုရားသခင်၏ ပညတ်ချက်အတိုင်း လိုက်နာရန် ဆုံးဖြတ်ထားခဲ့သဖြင့် သူသည် အီဂျစ်ပြည်၌ ဂုဏ်ပြုထိုက်အောင် ပေါက်ရောက်အောင်မြင်လျက် သူ့လူမျိုးများကို ဘုန်းကြီးစွာ ကောင်းချီးပေးနိုင်ခဲ့ပါသည်။

"ရုန်းကန်နေရသည့်အချိန်တွင် ချခဲ့သောဆုံးဖြတ်ချက်များက ယောသပ်၏ အနာဂတ်ကို ဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။ သူသည် တည်ငြိမ်စွာ ကောင်းကင်သို့ မျှော်ကြည့်လျက် "ဤကဲ့သို့သော မိုက်မဲမှုမျိုးကို ပြု၍ ဘုရားသခင်ကို ကျွန်ုပ်အဘယ်သို့ ပြစ်မှားနိုင်မည်နည်း"ဟု ကြွေးကြော်ခဲ့သည်။ မသန့်ရှင်းသောအလိုဆန္ဒမီးများကို တောက်လောင်ခွင့်မပြုခဲ့ပါ။ ဘုရားသခင်၏ ပညတ်ချက်၊ ဘုရားသခင်၏ ကတိတော်များကို သူဦးထိပ်ထားခဲ့သည်။ သူ့အတွေးများ၊ စိတ်နှလုံးသားထဲ ကြံစည်သမျှနှင့် သူ့အပြုအမူအားလုံး၏ ဦးတည်ချက်သည် ဘုရားသခင်ကို လုံးလုံးမျက်မှောက်ပြုထား၏။ ရှံဆုန်သည်လည်း သူ

ကြုံရသော ဘေးဒုက္ခများ ရင်ဆိုင်ရန် ယောသပ်နည်းတူ ခွန်အားအရင်းမြစ် ရှိခဲ့ပါသည်။ သူနှစ်သက်သော အမှား၊ အမှန်ကို ရွေးချယ်ခွင့်ရှိပါသည်။ ဘုရားသခင်၏ တန်ခိုးတော်ကို ကိုင်စွဲရမည့်အစား သူ၏ဇာတိ၊ ရိုင်းစိုင်းသောတပ်မက်အလိုဆန္ဒသို့ လုံးဝလမ်းလွဲသွားခဲ့သည်။ စဉ်းစားဆင်ခြင်နိုင်စွမ်းတို့ ပျက်စီးကာ၊ အကျင့်စာရိတ္တလည်း ဖောက်ပြားလာခဲ့သည်။ ဘုရားသခင်က ရှံဆုန်အား ကြီးမြတ်သောတာဝန်၊ ဂုဏ်ပြုခြင်းနှင့် အသုံးတော်ခံရန်အတွက် ခေါ်တော်မူခဲ့သော်လည်း ဘုရားသခင်၏ ပညတ်တော်များကို လိုက်လျှောက်တတ်ရန် သူသည် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ရန်ကို သင်ယူရမည်ဖြစ်သည်။ ယောသပ်သည်လည်း အကျင့်စာရိတ္တနှင့်ပတ်သက်၍ လွတ်လပ်သောသူဖြစ်သည်။ အကောင်းနှင့်အဆိုးသည် သူ့ရှေ့၌ရှိ၏။ သန့်ရှင်းသောလမ်း၊ မြင့်မြတ်သောလမ်းနှင့် ပျက်စီးခြင်းနှင့် ဖောက်ပြန်ခြင်းလမ်းတို့ကို လိုရာ ရွေးချယ်နိုင်သည်။ မှန်ကန်သောလမ်းကို ရွေးချယ်ခဲ့သည့်အတိုင်း ဘုရားသခင်ကလည်း လက်ခံပေးခဲ့သည်။ ထိုသို့သော စုံးစမ်းနှောင့်ယှက်ခြင်းမျိုးကိုပင် ရှံဆုန်ရင်ဆိုင်ရသောအခါ ဇာတိတပ်မက်စိတ်အလိုသို့ လိုက်ပါသွားခဲ့သည်။ သူရွေးချယ်သောလမ်းသည် ရှက်ကြောက်ခြင်း၊ ဘေးဒုက္ခများနှင့် အသက်ဆုံးရှုံးခြင်းသို့ လမ်းဆုံးကြောင်း သူတွေ့ခဲ့ရသည်။ ယောသပ်၏သမိုင်းနှင့် ပြောင်းပြန်ဖြစ်နေပါသည်။ (ST October, 13, 1881)

သမ္မာကျမ်းစာထဲ၌ ကျွန်ုပ်တို့နားလည်ရန် ခက်ခဲသော ကျမ်းစာအမြောက်အများရှိပါသည်။ ကျွန်ုပ်တို့၏ ဇာတိအပြစ်သဘောနှင့် ရှိနှင့်ပြီးသောအတွေးခေါ် တဏှာစိတ်၏အလိုဆန္ဒများကို ဖြည့်ဆည်းလိုသော သဘောသဘာဝတို့ကြောင့် ကျမ်းစာဖတ်ပြန်ပါကလည်း လွဲမှားစွာနားလည်ကြပြန်သည်။ ထိုသို့သော အဖြစ်မျိုးရှိကြောင်း ကျွန်ုပ်တို့ အားလုံး အသိဖြစ်သည်။ "အိမ်ထောင်ရေးဖောက်ပြန်ကျူးလွန်တဲ့ ဒါဝိဒ်လည်း အပြစ်လွတ်ခြင်းခံရတာပဲ၊ ငါ့ကိုလည်း ခွင့်လွှတ်မှာပါ"ဟု သူတို့ကိုယ်သူတို့ မကြာခဏ ပြောတတ်ကြသည်ကို ကျွန်တော် မြင်ဖူးပါသည်။ "တကယ်တော့ ကမ္ဘာပေါ်မှာ ပညာအရှိဆုံးလူသားကို ဖေသရှောဘ မွေးပေးခဲ့တာပဲ" ဟုလည်း ပြောတတ်ကြသေးသည်။ သို့သော် ထိုအပြစ်၏ နောက်ဆက်တွဲကပ်ပါလာသော ဒါဝိဒ်ဖြတ်သန်းခဲ့ရသော ဘဝအခြေနေ၊ ခံစားခဲ့ရသော နာကျင်မှုဝေဒနာများကို မသိယောင်ဆောင်တတ်ကြသည်။ "ကျွန်တော်တို့ သနားကြင်နာတတ်ရမယ်။ ခွင့်လွှတ်တတ်ရမယ်။ အ

ခြားသူများကို ခွင့်လွှတ်ပြီး သူတို့လည်း ထာဝရအသက်နဲ့ ထိုက်တန်ကြောင်း အသိမှတ်ပြုရမယ်။ အဲလိုလုပ်ရင် ကျွန်တော်တို့လည်း ခွင့်လွှတ်ခြင်းခံရပြီး ထာဝရအသက်နှင့် ထိုက်တန်လာမယ်”ဟု ပြောတတ်ကြသည်။ အပြစ်တရားသည် ထိုသို့မပြုနိုင်ရန် ကျွန်ုပ်တို့ကို ဖျက်ဆီးနိုင်ကြောင်း သတိချပ်ကြပါစို့။ အပြစ်တရားသည် ကျွန်ုပ်တို့ကို လိမ်လည်လျက် ဘုရားသခင်ထက် မိမိကိုယ်မိမိ ချီးမြှောက်တတ်စေကြောင်း သတိပြုရမည်ဖြစ်သည်။

“ချစ်သားတို့၊ သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေနှင့်။ အကြင်သူသည် ဖြောင့်မတ်ခြင်း တရားကို ကျင့်၏။ ကိုယ်တော်ဖြောင့်မတ်တော်မူသည်နည်းတူ ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူ ဖြစ်သောကြောင့်၊ အကြင်သူသည် ဒုစရိုက်ကို ပြု၏။ ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှာ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။ ဘုရားသခင် ဖြစ်ဖွားစေတော်မူသောသူ မည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်။ အကြောင်းမူကား၊ ထိုသူ၌ မျိုးစေ့တော်သည် တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင် ဖြစ်ဖွားစေတော်မူသောသူ ဖြစ်သောကြောင့် ဒုစရိုက်ကို မပြုနိုင်။” (၁ယောဟန် ၃:၇-၁၀)

ဤအရာအားလုံးတွင် အပြစ်တရား၏ သဘောတရားသည် အဘယ်မျှလောက် ဖျက်ဆီးတတ်ကြောင်း၊ သူ့ပတ်ဝန်းကျင်တွင် ရှိသမျှသောအရာများကို အဘယ်မျှလောက် နှောင့်ယှက်ဖျက်ဆီးကြောင်း ဘယ်သောအခါမျှမမေ့သင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဖက်တွယ်လျက် ကျွန်ုပ်တို့အထဲတွင် သားတော် ရှင်သန်နိုင်စေရန် လက်ဆောင်အဖြစ် ပေးတော်မူသောကြောင့် အစဉ်အမြဲ ကျေးဇူးတင်သင့်ကြပါသည်။ မိမိတို့အတွက်၊ မိမိတို့ပတ်ဝန်းကျင်၌ ရှိသောသူများအတွက် တာဝန်ယူလျက် အပြစ်မှလွတ်မြောက်စေရန် ထွက်ပြေး(သို့)တိုက်ခိုက်အောင်မြင်သင့်သည်။ အပြစ်တရားကို ဘုရားသခင်မည့်သို့ သဘောထားကြောင်း ပိုမိုရှင်းလင်းစွာ သိရန်လိုအပ်ပါသည်။ နောက်ဆုံးတွင် အပြစ်သို့ကျရောက်မိပါကလည်း ရှုံဆုန်ကဲ့သို့ မိမိအသက်တာကို ပြန်လည်ဆင်ခြင်လျက်၊ ဘုရားသခင်၏ ကရုဏာတော်သည် ထာဝရတည်ကြောင်း သတိရကြပါစို့။ လောကီသားများကဲ့သို့ ဝမ်းနည်းပူဆွေးမနေဘဲ ရှုံဆုန်ရရှိသော နောင်တတရားမျိုးကို ဘုရားသခင်ထံ တောင်းလျှောက်ကြပါစို့။

“အဘယ်သို့နည်းဟူမူကား၊  ဘုရားသခင်၏ အလိုတော်နှင့်အညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဥ်သော နောင်တစိတ်တည်းဟူသော မပြောင်းလဲနိုင်သော နောင်တစိတ်ကို ပြုပြင်တတ်၏။” (၂ကော ၇:၁၀)

အပြစ်တရားသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ ခရစ်တော်ဘုရားကို မည်သို့ဖြစ်ခံစားစေခဲ့ကြောင်း မမေ့သင့်ပါ။ အောင်မြင်ခြင်းသည် ခရစ်တော်အားဖြင့်သာ ရရှိနိုင်ကြောင်း အစဉ်အမြဲသတိရသင့်ပါသည်။

“ရှံဆုန်၏ အသက်တာသည် လူ့ဘဝကို တကယ်မစတင်ရသေးသော လူငယ်များ၊ အကျင့်စာရိတ္တမပြည့်စုံသေးသောသူများအတွက် သင်ခန်းစာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကောလိပ်များနှင့်၊ ကျောင်းများတက်ရောက်နေသော လူငယ်များသည် အတန်းများ၌ ထိုသင်ခန်းစာကို သင်ယူရမည်ဖြစ်သည်။ အကယ်၍ သူတို့သည် မိုက်မဲမှုနှင့် အားကစားကိုသာ စိတ်ဝင်စားလျက်၊ ကောင်းသောအရာကို မောင်းထုတ်ကာ ဆိုးသောအရာများနှင့်ပူးပေါင်းလိုပါက သူတို့၌ ရွေးချယ်ခွင့်ရှိပါသည်။  အပြစ်တရားနှင့် ဖြောင့်မတ်ခြင်းသည် သူတို့ရှေ့၌ ရှိ၏။ သူတို့ သဘောအတိုင်း ရွေးချယ်ခွင့်ရှိသည်။ သို့သော် “လူသားသည် စိုက်သည်အတိုင်း ပြန်လည်ရိတ်သိမ်းရမည်” ဖြစ်ကြောင်း သတိရစေပါ။ အသွေးသားအလိုကို စိုက်ပျိုးသောသူသည် ပျက်စီးခြင်းကို ရိတ်သိမ်းလျက်၊ ဝိညာဉ်သဘောအလိုကို စိုက်ပျိုးသူသည် ထာဝရအသက်ကို ရိတ်သိမ်းရမည်ဖြစ်ပါသည်။”
ST October 13, 1881, par. 20

“အပြစ်တရား၏ အခကားသေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရပသက်ပေတည်း။” ရောမ ၆:၂၃

## မကောင်းမှုကို လက်တုံ့မပြန်ရန် အယ်လင်ဝို့က်၏ ရှင်းပြချက်

ရောမစစ်သားများနှင့် ဆက်ဆံနေရသည့်အတွက် ဣသရေလလူမျိုးတို့၏ မလိုမုန်းတီးမှုများသည် အမြဲတစေ ဖြစ်ပွားတိုးပွားနေသည်။ ပြည်သူလူထုနှင့် စစ်သားများအကြား တိုက်ပွဲမကြာခဏ ဖြစ်ပွားကာ မလိုမုန်းတီးမှုမီးများ ပေါ်များတောက်လောင်လာလျက်ရှိသည်။ ရောမစစ်ဗိုလ်အချို့နှင့် အစောင့်စစ်သားများသည် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာလျက် လယ်ကွင်း၌ အလုပ်လုပ်နေသော ဂျူးလယ်သမားများကို ဖမ်းတတ်ကြသည်။ တောင်စောင်းတစ်လျှောက်တွင် ဝန်များအတင်းထမ်းခိုင်းခြင်း (သို့) အခြားလိုအပ်သောအရာတစ်ခုခုကို အတင်းအကျပ် လုပ်ကိုင်စေတတ်ကြသည်။ ထိုသို့ပြုခြင်းသည် ရောမရိုးရာဓလေ့နှင့် ဥပဒေအတိုင်း ကိုက်ညီသည်ဖြစ်ရာ ထိုသို့ခိုင်းစေမှုမျိုးကို ပြန်၍ဆန့်ကျင်မည်ဆိုလျှင် အထင်မြင်သေးခံရမှု၊ အကြင်နာမဲ့စွာ နှိပ်စက်မှုများ ခံရတတ်၏။ ဣသရေလလူထု၏ နှလုံးသားထဲတွင် ရောမတို့၏ ထမ်းပိုးကို ပစ်ချလိုသောဆန္ဒများ တစ်နေ့ထက်တစ်နေ့ နက်ရှိုင်းလာခဲ့သည်။ ခရစ်တော်ကို ရောမနိုင်ငံတော်၏ မာန်မာနကို ချိုးဖျက်နှိမ့်ချမည့်သူအဖြစ် မျှော်လင့်ကြသောကြောင့် ခရစ်တော်ကို စိတ်အားထက်သန်စွာ မျှော်ကြည့်ခဲ့ကြသည်။

ရှေ့တွင် ခေါင်းမော့လျက် ကြည့်နေကြသောမျက်နှာများကို ယေရှု ဝမ်းနည်းစွာ ကြည့်လိုက်သည်။ မကောင်းသော ကလဲ့စားချေလိုစိတ်များဖြင့် သူတို့စိတ်ကို တံဆိပ်ခတ်ရိုက်နှိပ်ထားကြကြောင်း သူ သတိပြုမိသည်။ ရန်သူများကို တိုက်ဖျက်နိုင်မည့် တန်ခိုးကို အဘယ်မျှလောက် ခါးသီးစွာ တောင့်တနေကြကြောင်း သူသိတော်မူသည်။ “နှောင့်ယှက်သူကို မဆီးတားနှင့်။ သင့်၏ ပါးတစ်ဖက်ကို သူတစ်ပါးပုပ်လျှင် ပါးတစ်ဖက်ကို လှည့်၍ ပေးအုံးလော့။” ဟု ယေရှုက ဝမ်းနည်းစွာ နှုတ်ဆက်ခဲ့သည်။

ဤစကားလုံးများသည် ဓမ္မဟောင်းကျမ်းရှိ သွန်သင်ချက်များကို ပြန်ပြောပြခြင်းသာ ဖြစ်ပါသည်။ “မျက်စိကို ဖျက်သည့်အတွက် မျက်စိတစ်ဖက် ဖျက်ခြင်းကိုလည်းကောင်း၊ သွားကိုချိုးသည့်အတွက် သွားချိုးခြင်းကိုလည်းကောင်း” (ဝတ်ပြုရာ ၂၄:၂၀) ထိုပညတ်ချက်သည် မောရှေမှတစ်ဆင့် ပေးထားသော အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် ဖြစ်ပါသည်။ မိမိတို့အတွက် ကလဲ့စားချေခြင်းသည် တရားမျှတမှုမဟုတ်ပါ။ “ငါသည် ရန်တုံ့ပြုမည်ဟု မဆိုနှင့်၊”။ “သူသည် ငါ၌ပြုသည်အတိုင်း သူ၌ငါပြုမည် သူ့အကျင့်နှင့်အလျောက် အကျိုးအပြစ်

ကို ငါဆပ်ပေးမည်ဟု မဆိုနှင့်။" "သင်၏ ရန်သူလဲသောအခါ ဝမ်းမမြောက်နှင့်"။ "သင်၏ ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာအဖို့ ရေကိုပေးလော့"။ သုတ္တံကျမ်း ၂၀:၂၂, ၂၄:၂၉,၁၇, ၂၅:၂၁-၂၂

ယေရှုဘုရား၏ အသက်တာသည် ဤနည်းဥပဒေသ၏ ထင်ရှားသော ဥပမာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် ကောင်းကင်စံအိမ်ကို စွန့်လျက်လာရခြင်းသည် သူ၏ရန်သူများကို အသက်မုန့် ယူဆောင်ပေးရန်ဖြစ်ပါသည်။ ပုခက်ထဲမှ သင်္ချိုင်းအထိ အသရေဖျက်ပြောဆိုမှုများ၊ ညှင်းပမ်းနှိပ်စက်မှုများ၊ မတရားစော်ကားပြောဆိုမှုများ သူ့အပေါ် ပြုခဲ့ကြသော်လည်း၊ သူ့ထံမှ ခွင့်လွှတ်ခြင်းနှင့်ပြည်စုံသော မေတ္တာတော်ကိုသာ သူတို့မြင်တွေ့ရကြသည်။ ပရောဖက်ဟေရှာယအားဖြင့် သူက "ရိုက်သောသူတို့အား ငါ့ကျောကိုလည်းကောင်း၊ နားပန်ဆံကို နုတ်သောသူတို့အား၊ ငါ့ပါးကိုလည်းကောင်း ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံတွေးထွေးခြင်းမှ ငါ့သည် ကိုယ်မျက်နှာကို မလွှဲ။"ဟုဆို၏။ "ထိုသူသည် ညှင်းဆဲခြင်းနှင့် နှိပ်စက်ခြင်းကိုခံ၍ နှုတ်မဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာ ဆောင်သွားသော သိုးသူငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည်နှုတ်ကို မဖွင့်ဘဲနေ၏။" ဟေရှာယ ၅၀:၆, ၅၃:၇။ ကိုယ်တော်သည် ကရာနီလက်ဝါးကပ်တိုင်မှ သေခါနီးအချိန်တွင် သူ့ကိုအသေသတ်ခဲ့သူများအတွက် ဆုတောင်းပေးကာ သေလုနီးပါးဖြစ်နေသော သူခိုးအတွက် မျှော်လင့်ခြင်းသတင်းစကားကို ပြောကြားတော်မူခဲ့ပါသေးသည်။

"ခမည်းတော်ဘုရား၏ တည်ရှိခြင်းသည် ခရစ်တော်အား ဝန်းရံထားသည်ဖြစ်ရာ ဘယ်အရာမျှ ကိုယ်တော့်အပေါ် မကျရောက်နိုင်ပါ။ သို့သော် ကမ္ဘာကြီးကို ကောင်းချီးပေးခြင်း၌ မွေ့လျော်တော်မူသော ကိုယ်တော်၏ အဆုံးမရှိမေတ္တာတော်သည် ထိုအရာကို ခွင့်ပြုတော်မူ၏။ ထိုရွေးချယ်မှုသည် ကျွန်ုပ်တို့အတွက် ဖြစ်ပါသည်။ ခရစ်တော်၏ ဝိညာဉ်တော်နှင့် ပြည့်ဝသောသူသည် ခရစ်တော်၌တည်၏။ ထိုသူ၌ ရည်ရွယ်သော ထိုးသတ်ချက်များ ခရစ်တော်အပေါ် ကျရောက်လေ၏။ အကြောင်းမှာ ခရစ်တော်သည် သူ၏မျက်မှောက်တော်၌ ထိုသူကို ဝန်းရံထား၏။ ထိုသူပြုလေသမျှတို့သည် ခရစ်တော်မှလာ၏။ သူသည် မကောင်းမှု၊ နှောင့်ယှက်မှုများကို ခုခံတိုက်ခိုက်ရန်မလိုပါ။ အကြောင်းမှာ ခရစ်တော်သည် သူ၏ ကွယ်ကာရာဖြစ်တော်မူ၏။ ဘုရားသခင်၏ ခွင့်ပြုချက်မရှိဘဲ

အဘယ်အရာမျှ ထိုသူကို မထိခိုက်နိုင်ရာ။ "ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့ သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။" ရောမ ၈:၂၈ (MB 70-72)

ဤစကားသည် ယုံကြည်ရခက်ခဲပါသည်။ ခရစ်ယာန်များအနေဖြင့် ဘုရားသခင်အပေါ် လုံးလုံးလျားလျား ယုံကြည်မှုရှိရန် ကိုယ်တော်အလိုရှိပါသည်။ အကယ်၍ ကျွန်ုပ်တို့ကို သူတစ်ပါးက ရန်သူကဲ့သို့မြင်လျက် နောက်ကျောမှဓားဖြင့်ထိုးလျှင် သို့မဟုတ် ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက်ယူကာ ထွက်ပြေးပါက ဤကဲ့သို့သော အဖြစ်ပျက်မျိုးကို ခရစ်တော်မှ လာသောအရာအဖြစ် မြင်နိုင်ရန် အလွန်ခက်ခဲပါသည်။ ခရစ်တော်သည် ထိုအရာကို ကျွန်ုပ်တို့အပေါ် ဖြစ်ပွားခွင့်ပြုသည်ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် ဓားနှင့်ပြန်ထိုးရန် လေ့ကျင့်သင်ကြားထားသောကိုယ်ခံပညာများဖြင့် ပြန်တိုက်ခိုက်ရန်၊ ကုန်ကုန်ပြောရလျှင် ငရုတ်ကောင်း စပရေးဘူးဖြင့် ပက်ဖြန်းရန်ပင် မဟုတ်ပါ။ လက်တုံ့မပြန်ဘဲ ခံနေခြင်းသည် ခက်ခဲကြောင်း ကျွန်တော်သိပါသည်။ သို့သော် ထိုသို့ သည်းခံခြင်းသည် ခရစ်တော်၏ ခြေတော်ရာကို လိုက်လျှောက်ခြင်း၏ ခက်ခဲမှုလည်းဖြစ်ပါသည်။ ဤကဲ့သို့ပြုခံရမည်ကို ကြောက်ခြင်း (သို့) ကျွန်တော်တို့ မိမိကိုယ်ကိုယ် ကာကွယ်ရန် ပြန်လည် ခုခံတိုက်ခိုက်ခြင်းသည် သစ္စာမရှိသော စိတ်ဝိညာဉ်ဖြင့် မကောင်းမှုကို ပြန်လည်ခုခံတိုက်ခိုက်ခြင်းဖြစ်ပါသည်။

မကောင်းမှုများ ကျွန်ုပ်တို့အပေါ် ကျရောက်လာသောအခါ ကျွန်ုပ်တို့မည်သို့ ပြုရမည်နည်း။ ရန်သူများအတွက်၊ ကျွန်ုပ်တို့ ဥစ္စာကို ခိုးယူသူများအတွက်၊ ကျွန်ုပ်တို့အသက်ကို သတ်လိုသူများအတွက်ပင်လျှင် ခရစ်တော်ပြုခဲ့သည်နည်းတူ ဆုတောင်းပေးကြရမည်ဖြစ်သည်။ သူတို့ အပြုမူများကို ဘုရားသခင်မြင်တော်မူကြောင်း၊ ထိုသို့သော အသက်တာမှ နောက်ပြန်လှည့်မလာလျှင် သူတို့စိုက်ခဲ့သည်အတိုင်း ပြန်လည်ရိတ်သိမ်းရမည်ဖြစ်ကြောင်း သူတို့ကို ရှင်းပြရမည်ဖြစ်ပါသည်။ (ဂလာတိ ၆:၇)

ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကိုယ် ကာကွယ်လို၍ဖြစ်စေ၊ ပြန်လည်လက်တုံ့ပြန်လို၍ဖြစ်စေ စိတ်နှလုံးသား၌ ခါးသီးမှုများ၊ ဒေါသစိတ်များ သိမ်းထားရန်မဟုတ်ပါ။ ခရစ်တော်နည်းတူ ခွင့်လွှတ်ခြင်းအချစ်ကိုသာ ပြရမည်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ရှိတော်မမူ

လျှင် ထိုကဲ့သို့ ကျွန်ုပ်တို့ပြုနိုင်မည် မဟုတ်သောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကူညီတော်မူပါစေ။

ရှုံဆုန်၏အသက်တာကို နားလည်ခြင်း

အမှောင်ဖုံးနေသော စိတ်နှလုံးကို သွန်သင်ရန် နည်းဥပဒေသများ

ဘုရားသခင်သည် ဘုန်းတန်ခိုးကြီးသောဘုရားဖြစ်လျှင် အဘယ့်ကြောင့် ဣသရေလလူမျိုးများ စစ်တိုက်စရာမလိုဘဲ ခါနန်ပြည်ကို သိမ်းယူပေးတော်မမူသနည်း။

ခါနန်ပြည်သည် ကတိထားတော်မူရာ တိုင်းပြည်ဖြစ်လျက် အဘယ့်ကြောင့် ဣသရေလလူမျိုးများ၏ သမိုင်းသည် ခါနန်ပြည်ဝင်သည်နှင့် တပြိုင်နက် အလွန်မှောင်မိုက်ခဲ့ရသနည်း။

ဘုရားသခင်သည် သူ့ကို မယုံကြည်သောသူများ၊ သူ့စကားကို နားမထောင်သောသူများကို မည်သို့ ဆက်ဆံနားလည်ပေးသနည်း။ သူတို့ကို ဘုရားသခင် စွန့်ပစ်တော်မူပါသလား။

အီဂျစ်အတွေးခေါ် လွှမ်းမိုးမှုခံခဲ့ရသော ကျွန်ုပ်တို့၏ ဘိုးဘေးများနှင့် ဘုရားသခင်၏ဆက်ဆံရေးအကြောင်း သင်ယူခြင်းအားဖြင့် သင်ခန်းစာယူစရာ များစွာရှိပါသည်။ ဤစာအုပ်ငယ်သည် အထူးသဖြင့် ပျက်စီးရာလမ်းသို့ ဦးတည်နေသော ကျွန်ုပ်တို့၏ ရင်းနှီးသော မိတ်ဆွေ၊ မိသားစုဝင်များနှင့် ဆက်ဆံနေရသူများအတွက် ရည်ရွယ်ပါသည်။ သူတို့ကို မည်သို့ နားလည်ဆက်ဆံ ပေးရမလဲ။ ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ ဖမည်းတော်သည် ထိုသို့သော အခြေနေမျိုး၌ မည်သို့ပြုတော်မူမည်နည်း။